University of Mandalay Open Access Repository

| | |
|---|---|
| Title | Buddha Sasana of Myauk Phet Taik (Northern Region) |
| All Authors | Yee Yee Win |
| Publication Type | Local Publication |
| Publisher (Journal name, issue no., page no etc.) | Myanmar Historical Research Journal, No. 24, June 2013, 185-222 |
| Abstract | The tripartite relationship of the king, Sangha and people in the later Konbaung period is found very fruitful. The king as a patron and defender of Buddhism supported the Elder Sanghas with four basic necessities. The Sanghas in return gave the king good advices for the stability of administration and for development of the people. Common also supported the Order with food, shelter, robe and medicines. Because of their meritorious deeds the monks looked after them for not being molested and imposed illegal demand of money and labour by bad officials. Thus what we see is that when the tripartite relationship of the ruler, the Sangha order and the people are in good condition, the people could enjoy peace, stability and prosperity. |
| Keywords | tripartite relationship |
| Citation | |
| Issue Date | 2013 |

# မြောက်ဘက်တိုက်ဒေသ ဗုဒ္ဓသာသနာ၊ ၁၈၁၉–၁၈၈၅

**ဒေါက်တာရီရီဝင်း***

မြောက်ဘက်တိုက်ဒေသ၏ ဗုဒ္ဓသာသနာဝင်အကြောင်းကို လေ့လာလျှင် ပျူခေတ်နှင့် ပုဂံခေတ်က စရပါမည်။ သို့သော် နောက်ဆုံး တွေ့ရှိရသော စည်သူမင်းကြီးကျောက်စာပါ သမိုင်းသဲလွန်စဖြင့်ပင် နိဒါန်းပျိုးလိုက်ရပါသည်။ ၂၃ ဇွန် ၁၁၃၈ ရက်စွဲပါ စည်သူမင်းကြီးကျောက်စာ၌ မင်းကြီးသည် မူးဒေသသို့ တိုင်းခန်းလှည့်လည်လာခဲ့ပြီးလျှင် ''သက္ကရာဇ် ၅၀၀ လွှမ်ယ်တာလပြည့် ၁၅ ရက် သုကြာနိယ်'' စေတီပြု၍ လယ်မြေများ လှူခဲ့သည်။ ဘုရားအတွက် မြေပယ် ၁၆၀၊ ကျောင်းအတွက်ပယ် ၂၀၀ နှင့် သိမ်အတွက် ၅၀ ပယ် အသီးသီး ပါရှိသည်။ ရွှေဘိုအနီး၌ ယင်းတည်ဆောက်ခဲ့သည်တို့ကို ရက်စွဲဖြင့် ပြရသော်

| | |
|---|---|
| ၂၃ ဇွန် ၁၁၃၈ | စေတီတော် |
| ၂၆ ဧပြီ ၁၁၄၆ | သိမ် |
| ၂၃ ဒီဇင်ဘာ ၁၁၄၆ | ဂူ နှင့် |
| ၂၆ မတ် ၁၁၄၈ | ကျောင်း |

တို့ကို ဆောက်လုပ်လှူဒါန်းခဲ့သည်။[၁] စေတီနှင့် ကျောင်း တည်ဆောက်သည်မှာ ဆယ်နှစ်သက်တမ်း ကွာခြားသည်ကိုလည်း သတိထားမိနိုင်ပါသည်။ ထိုကျောက်စာက ဒေသ၏ အရေးပါပုံနှင့် သာသနာတော် ပြန့်ပွားရေးတွင် ပုဂံမင်းတို့ ကြိုးပမ်းခဲ့ကြပုံကို မြင်နိုင်စေရန်မျှကိုသာ တင်ပြလိုက်ခြင်း ဖြစ်ပါသည်။

ရွှေဘိုဇာတိဖြစ်သော အလောင်းမင်းတရားကြီးမှ ဆင်းသက်လာခဲ့သည့် ကုန်းဘောင်မင်း ငါးပါးတို့သည် ရွှေဘိုနှင့် စစ်ကိုင်းဘက် (ဇေယျာ–သိဃ်နယ်)တွင် ဘုရားများ တည်ထား ကိုးကွယ်ခဲ့ကြသည်။ အလောင်းမင်းတရားကြီး (အေဒီ ၁၇၅၃–၆၀) သည် ရွှေဘိုမှာ မွေး၍ ရွှေဘိုမှာ ကြီးပြင်းခဲ့သည်။ အလောင်းမင်းတရားကြီး မင်းအဖြစ်သို့ ရောက်ရှိပြီး အုပ်ချုပ်စိုးစံခဲ့သည့် ကာလတစ်လျှောက်လုံး နေပြည်တော် ရတနာသိဃ်မှာ စိုးစံနေခဲ့သည်။ ယင်းဖွားမြင်ခဲ့ရာ ရွှေဘိုမြို့ တစ်နေရာတွင် ဘုရားတစ်ဆူကို တည်ခဲ့သည်။ ယင်း၏

---

* ပါမောက္ခ၊ ဌာနမှူး၊ မန္တလေးတက္ကသိုလ်

[၁] ''စည်သူမင်းကျောက်စာ''၊ သန်းထွန်း၊( မြန်မာသမိုင်းအဖွဲ့ဝင်) တည်း၊ **နှောင်းတွေ့ကျောက်စာများ**၊ ပညာရေးဝန်ကြီးဌာန၊ တက္ကသိုလ်များသမိုင်းသုတေသနဦးစီးဌာန၊ ၂၀၀၅၊ စာ ၁

ချက်ကြိုး မြှုပ်ခဲ့သောနေရာတွင် တည်ထားခဲ့ခြင်းဖြစ်၍ ရွှေချက်သိုဘုရားဟု ထင်ရှားသည်။ မင်းအဖြစ် ရောက်သောအခါမှ တည်ထားခဲ့ခြင်း ဖြစ်ပါသည်။ အခြားသောကောင်းမှု ကုသိုလ်များမှာ ရှေးဟောင်း ရွှေတန်ဆာဘုရားကို ပြုပြင်ပြီး ဗုဒ္ဓပိဋကတ်တော်များ ထားရှိရန် ပိဋကတ်တိုက် တစ်လုံးကိုလည်း တည်ဆောက်ခဲ့ပါသည်။ ကုန်းဘောင်ခေတ်ဦးပိုင်း၏ ဗိသုကာလက်ရာတို့သည် မည်သည့်ပုံစံနှင့်မျှ ပုဂံကို မယှဉ်နိုင်သော်လည်း သမိုင်းသဘောအားဖြင့် အရေးပါရှိပါသည်။

အလောင်းမင်းတရားကြီးနေရာတွင် ဆက်ခံသူမှာ ဒီပဲယင်းမင်း (အေဒီ ၁၇၆၀–၆၃) ဖြစ်ပြီး ၃ နှစ်ကြာသာ စိုးစံအုပ်ချုပ်နိုင်ခဲ့ပါသည်။ ယင်းမင်း နောက်ဆက်ခံသော မြေဒူးမင်းနှင့် ဗဒုံမင်းတို့၏ အစ်ကိုကြီး ဖြစ်သောကြောင့် ဒီပဲယင်းမင်းကို နောင်တော်ကြီးဟု ခေါ်ခဲ့ကြသဖြင့် ရာဇဝင်ဆရာတို့ကလည်း ထိုအမည် အတိုင်းပင် သုံးစွဲခေါ်ဆိုခဲ့ကြပါသည်။ ယင်းသည် မဟာနန္ဒာကန်တွင်း ကျွန်းပေါ်၌ စေတီကြီးတစ်ဆူကို တည်ထားခဲ့သည်။ ထိုဘုရားကို ရွှေပေါ်ကျွန်းဘုရားဟု ခေါ်ကြသည်။ ထိုဘုရားသည် အပြင်ဘက်မှ ကြည့်သော် အလတ်စားအရွယ်မျှသာရှိပြီး သာမန်စေတီရိုး ဖြစ်သောကြောင့် ဗိသုကာသဘောအားဖြင့် မထူးဆန်းလှချေ။ သို့သော် ဌာပနာဖောက်သူများကြောင့် အတွင်းပိုင်းပစ္စည်းများ ထွက်ပေါ်လာသောအခါ သမိုင်းဆိုင်ရာ အထောက်အထားများ ထွက်ပေါ်လာခဲ့သဖြင့် ရွှေပေါ်ကျွန်းဘုရားသည် သမိုင်းပညာရှင်တို့အတွက် အရေးပါ သော ဘုရားတစ်ဆူ ဖြစ်လာခဲ့ရသည်။

ဓာတ်တော်တိုက်ထဲတွင် သမိုင်းဆိုင်ရာ ဌာပနာပစ္စည်းများ ပါရှိပြီး ထိုဌာပနာပစ္စည်းတို့ကို ပင်မစေတီဘေးတွင် မိဖုရား ၄ ဦးတို့ တည်ထားခဲ့ကြသည့် အရန်ဘုရား ၄ ဆူအနက် တစ်ဆူတွင်းမှ ရရှိခြင်း ဖြစ်ပါသည်။ သိုက်သမားတို့က ၁၉၀၂ ခုနှစ်တွင် ပင်မဘုရားနှင့် အရန်ဘုရားအချို့ကို ဖောက်ထွင်း ခဲ့ကြသည်။ ထိုသို့ ဖြစ်ပွားခဲ့သောအခါတွင် ဗုဒ္ဓဘာသာ ယုံကြည်ကိုးကွယ်သူ လူထုတစ်ရပ်လုံးက ဓာတ်တော် တိုက်ထဲရှိ အဖိုးတန် ပစ္စည်းများနှင့် ဓာတ်တော်တို့၏ လုံခြုံရေးကို အထူးကြောင့်ကြလာခဲ့ကြသည်။ ပိုမိုလုံခြုံစေရေးအတွက် ရဟန်း ပြည်သူအများစုက ဘုရားကို ဖောက်ဖွင့်ကာ ဌာပနာများကို ရွှေ့ပြောင်း သိမ်းဆည်း စောင့်ရှောက်ထားကြရန် ဆုံးဖြတ်ခဲ့ကြသည်။ သို့ဖြင့် အလယ်ဘုရား အရှေ့မြောက်ဘက်နှင့် အရှေ့တောင်ဘက် အရန်ဘုရားတို့ကို ဖွင့်လှစ်၍ အတွင်းမှ ထွက်လာခဲ့သော ဌာပနာပစ္စည်းများကို စာရင်း ပြုစုခဲ့ကြသည်။ ဌာပနာတိုက် ထဲမှ အရွယ်အစား အမျိုးမျိုးရှိသော လောကီပစ္စည်းများနှင့် ဘာသာရေးဆိုင်ရာ ရုပ်တုငယ်များ ထွက်ပေါ်လာခဲ့ သည်။ ထို့ပြင် ရွှေ၊ ငွေ ကြေးနှင့် အခြားအဖိုးတန်သော ကျောက်မျက်များနှင့်အတူ

ဗုဒ္ဓရုပ်ပွားတော်များ၊ ပုံသဏ္ဍာန် အမျိုးမျိုးနှင့် အရွယ်အစား အမျိုးမျိုးရှိသော ရဟန္တာပုံ ရုပ်ပွားတော်များလည်း အမြောက်အမြား ပါရှိလေသည်။ လောကီဆိုင်ရာ ပစ္စည်းများကို တွေ့ရှိရခြင်းမှာ ကုန်းဘောင်ခေတ် နန်းဓလေ့နှင့် လူမှုအဖွဲ့ အစည်းကို ရောင်ပြန် ဟပ်နေပါသည်။ သမိုင်းလေ့လာသူတို့အတွက် အဖိုးမဖြတ်နိုင်သော ရတနာသိုက်ကြီးကို ရရှိခြင်းလည်း ဖြစ်ပါသည်။ ထိုအထဲမှ ကြေးဖြင့်လုပ်ထားသော အမြောက်ငယ်များ၊ သင်္ဘောသားရုပ်များ၊ ကြေးလှေ သင်္ဘောငယ်များနှင့် လက်နက်ကိုင် စစ်သားရုပ်များကို တွေ့ရသည်။ မစ္စတာတော်စိန်ခိုက ယင်း၏ အစီရင်ခံစာတွင် အောက်ပါအတိုင်း ဖော်ပြထားသည်။

လောကီဆိုင်ရာ ပစ္စည်းများတွင် စစ်သားများ၏ ဝတ်စားဆင်ယင်ပုံ၊ လက်နက်အမျိုးမျိုး အသုံးပြုပုံကို ဖော်ပြသော မွန်မြန်မာ[၁] စစ်ပွဲများ၌ အသုံးပြုခဲ့သည့် သင်္ဘော၊ ဖေါင်များ ပါဝင်သည်။ သင်္ဘောများကို ကြေး၊ ငွေ၊ ကြေးဝါတို့ဖြင့် ပြုလုပ်ထားသည်။ စစ်သားရုပ်များတွင် စစ်ရေးလေ့ကျင့်ရာ၌ ကုတ်အင်္ကျီအရှည် ဝတ်ဆင်၍ ၃ ထောင့်ချွန်းပါသော ဦးထုပ်ကို ဆောင်းပြီး ဒူးထောက်ကာ သေနတ်ဖြင့် ချိန်၍ လေ့ကျင့်ကြပုံများ ပါဝင်သည်။ အချို့ စစ်သားများက ဝတ်စား ဆင်ယင်ကြပုံ မတူညီဘဲ လုံ့ပစ် လေ့ကျင့်ဟန်ပုံလည်း ပါသည်။ စစ်သည်တို့၏ သေနတ်ကိုင်ပုံ အနေအထားများသည် ပစ်ခတ်ရန် အသင့် အနေအထားတွင် ရှိနေပုံ ဖြစ်သည်။ အမြောက်တွင် စာရေးထိုးထားသည့်စာမှာ "မိုးဟိန်း" ဟု တွေ့ရသည်။ သင်္ဘောများနှင့် ဖောင်ပုံများတွင် ကြီးမား၍ စိတ်ဝင်စားစရာ ကောင်းသော ကြေးဝါဖြင့် သွင်းထားသော သင်္ဘောတစ်စင်းပုံ ပါရှိသည်။ ထိုသင်္ဘောသည် အလောင်းဘုရား[၂] လက်ထက်က သုံးခဲ့သည့် တိုက်သင်္ဘောပုံ ဖြစ်ပါသည်။ ရောဝတီမြစ်ကို အသုံးပြုပြီးသွားသော လှေဖေါင်များလည်း တွေ့ရသည်။ သင်္ဘောတစ်စင်းတွင် ရွက်တိုင် ၃ ခုပါရှိပြီး အပေါ်မှ အလံ တပ်ဆင်ထားသည်ကိုလည်း တွေ့ရသည်။ ဦးပိုင်းတွင် ပဲ့ကိုင်ရှိသည်။ သင်္ဘောသားတစ်ဦး၏ အရပ်သည် ရွက်တိုင်၏ တစ်ဝက်လောက်နီးပါး ရှည်သည်။ တစ်ဦးက ရွက်တိုင်ပေါ်တက်၍ နောက်တစ်ဦးက

---

[၁] စာရေးသူက ဖြည့်ထားပါသည်။

[၂] အလောင်းမင်းတရား (၁၇၅၂–၆၀)

ရွက်တိုင်ထိပ် မျှော်စင်ပေါ်တွင် ရပ်နေပုံကိုလည်း တွေ့မြင်ရသည်။ ဦးပိုင်းတွင် သင်္ဘောသား တစ်ဦး မှန်ပြောင်းဖြင့် ရှေ့ဆီသို့ ကြည့်နေပုံလည်းပါသည်။[၁]

ထိုပုံများက ကုန်းဘောင်ခေတ် အလောင်းမင်းတရားကြီး၏ စစ်ရေးအကြောင်းကို ပြောပြနေဘိသကဲ့သို့ ရှိပါသည်။ ရွှေပေါ်ကျွန်းဘုရား၏ အရှေ့မြောက်ဘက်နှင့် အရှေ့တောင်ဘက်ရှိ အရန်စေတီ ၂ ခု၏ ဌာပနာတိုက်ထဲတွင် သမိုင်းဆိုင်ရာ အထောက်အထားပစ္စည်းများကို တွေ့ရသည့်အပြင် မင်းမိဖုရား၊ မျိုးတော်မတ်တော်များ စသည့် သူကောင်းမျိုးတို့ ထည့်သွင်းဌာပနာခဲ့သော ပစ္စည်းများကိုလည်း တွေ့ရှိရသဖြင့် စာရင်းပြုစု ဖော်ပြပေးလိုက်ပါသည်။[၂]

**ဌာပနာတိုက်ထဲမှ ရသော ပစ္စည်းစာရင်း**

| အဆင်တန်ဆာနှင့်အသုံးအဆောင် | ဦးရေ | သတ္တု/ကျောက် |
|---|---|---|
| ပုတီးစေ့ | ၃၀ | ရွှေ |
| ကြယ်သီး | ၂ | ငွေ |
| ပုတီးစေ့ | ၂၄၃ | ငွေ |
| အမြောက် | ၆ | ကြေးဝါ |
| ခြင်္သေ့ခံပလ္လင် | ၁၄ | ငွေ |
| စိန်လက်စွပ် | ၁ | ရွှေ |
| ရွှေကလပ် | ၁ | ဖန် |
| နားဖာကလော် | ၁ | ငွေ |
| နားတောင်းတစ်စုံ | ၁ | ပယင်း |
| နားတောင်းတစ်စုံ | ၂ | ခရစ္စတယ် |
| နားတောင်းတစ်စုံ | ၁ | ဆင်စွယ် |

[၁] Mr.Taw Sein Ko, *"Ancient Relics found at Shwebo"* Archaeological survey of India Annual Report, 1903-04, Calcutta office of the Superintendent of Government Printing, India, 1906, p. 146 (Hereafter cited as: Taw Sein Ko (1906)

[၂] Mr. Taw Sein Ko (1906), pp. 146-49

| အဆင်တန်ဆာနှင့်အသုံးအဆောင် | ဦးရေ | သတ္တု/ကျောက် |
|---|---|---|
| ရတနာခြယ်နားတောင်းတစ်စုံ | ၁ | ရွှေ |
| ပတ္တမြားစီနားတောင်း | ၁ | ရွှေ |
| လူပုံ | ၂၉ | ကြေးဝါ |
| လူပုံ | ၂၄ | ကြေးနီ |
| လူပုံ | ၂၄ | ငွေ |
| စစ်သားပုံ | ၁၆ | ကြေးဝါ |
| ရေတကောင်း(တစ်ခုရေပါ) | ၃ | ဖန် |
| နဖူးစည်း | ၇ | ရွှေ |
| ကျောက်စိမ်းလက်စွပ် | ၁ | ကျောက်စိမ်းတုံး |
| ရေတကောင်း | ၁ | ဖန် |
| လှေ၊ စစ်ဖောင်၊ စစ်သင်္ဘော | ၇ | ကြေးဝါ |
| လည်ဆွဲ | ၁ | ရွှေ |
| မီးအိမ် | ၁ | ရွှေ |
| ဇာကနာတစ်စုံ | ၁ | ငွေ |
| ဖေါင် | ၁ | ကြေး |
| လင်ဘန်းငယ် | ၁ | ကြေး |
| လက်နက်ကိုင်စစ်သား | ၃၅ | ကြေးနီ |
| ဇွန်း | ၁ | ကြေးဝါ |
| ဇွန်း | ၂ | ငွေ |
| သွားကြားထိုးတံ | ၁ | ငွေ |
| ပန်းအိုး | ၄ | ရွှေ |
| တိုက်လှေ | ၄ | ကြေး |
| လက်နက်ကိုင်စစ်သားပါတိုက်လှေ | ၂ | ကြေးနီ |

ရွှေပေါ်ကျွန်းတွင်ရှိ အဓိက ပင်မဘုရားထဲတွင် ဌာပနာထားသော ပစ္စည်းများမှာ အလောင်းမင်းတရား၏ မင်းမြောက်တန်ဆာ ခေါင်းပေါင်း၊ ပတ္တမြားလက်စွပ်၊ မြလက်ကောက်၊ ကွမ်းအစ်၊ ရွှေဓား၊ ရွှေစလွယ်၊ ခါးစည်းကြိုး၊ ဘုရင်လက်ဝတ်ရတနာ၊ ဘုရင်မိသားစုဝင်များ၏ ပုံများ၊ စစ်သား၊ ဆင်၊ မြင်း၊ သင်္ဘော၊ ဖောင်၊ လက်နက်အမျိုးမျိုးတို့ ဖြစ်သည်။[၁] ကိုးကွယ်ယုံကြည်မှုအတွက် ဘာသာရေးဆောင်ရွက်ချက်တစ်ရပ်ကို ဖော်ဆောင်ရာတွင် ယင်းတို့ကို အဘယ်ရည်ရွယ်ချက်ဖြင့် ထည့်သွင်းခဲ့သည်ကို စဉ်းစား၍ မရရှိပါ။ များစွာသော ဗုဒ္ဓရုပ်ပွားတော်များသည် အရွယ်အစား အမျိုးမျိုးနှင့် ပုံစံအနေအထား အမျိုးမျိုး ရှိကြသည်။ ရဟန္တာပုံ၊ ဘုရင့်မိသားစု ဘုရားသို့ ပန်းလှူနေပုံ၊ ပန်းစည်းများ၊ အမြတ်တနိုး ထားဟန်ရှိသော ပစ္စည်းများ ဓာတ်တော်တိုက်ထဲတွင် ဌာပနာထားခဲ့သည်။[၂]

မင်းမြောက်တန်ဆာ အပါအဝင် မင်းတို့ အသုံးအဆောင်၊ အဝတ်အထည်၊ လက်ဝတ်ရတနာ၊ အဆင် တန်ဆာ၊ လက်နက်၊ မိဖုရား၊ ဝန်ကြီး၊ စစ်သားရုပ်တုများလည်း ဌာပနာခဲ့ကြသည်။ ဒီပဲယင်းမင်းသည် မိမိ ကိုယ်မိမိ လောကနာထ (ဒီနာဂါသိ)ဟု ယူဆပြီး စေတီများကို ခမာဘုရင်များကဲ့သို့ နတ်ဗိမာန်သဘော တည်ခဲ့သည်ဟု ယူဆရသည်။ ဓာတ်တော်တိုက်ထဲတွင် အလေးအမြတ်ထားသော ဗုဒ္ဓဖြစ်တော်စဉ်များ၊ ဓာတ်တော် မွေတော်များ၊ အသုံးအဆောင်များ၊ အခြားပစ္စည်းများ ဌာပနာထားခြင်းဖြင့် ရိုးရာထုံးတမ်း အစဉ်အလာ တစ်ရပ်ကို ပုံဖော်ပေးရာ ရောက်သည်။ ထို့အပြင် အလောင်းဘုရားသည် ထိုအစဉ်အလာကို ဆန့်ကျင်၍ မိဖုရား၊ ဝန်ကြီး၊ စစ်သား၊ ရထား၊ လက်နက်၊ လက်ဝတ်ရတနာ၊ အသုံးအဆောင်ပစ္စည်းများ ဖြစ်သည့် ခွက်၊ ဇွန်းတို့ကို ဌာပနာခဲ့သည်။ ဗဒုံမင်းသည်လည်း ထိုနည်းအတိုင်း ပုထိုးတော်ကြီးကို ဌာပနာခဲ့သည်။ ဗဒုံမင်းသည် မင်းကွန်းပုထိုးတော်ကြီးတွင် ဘာသာရေးပစ္စည်းများ၊ မိဖုရား၊ သားတော်၊ သမီးတော်များတို့၏ ရုပ်တုများကို ဌာပနာခဲ့သည်။

ဒီပဲယင်းမင်းသည် နိုင်ငံကို ၃ နှစ်ကြာ အုပ်စိုးခဲ့သည်။ ယင်းမရှိတော့သည့်အခါ မြေဒူးမင်း ထီးနန်းတက်လာသည်။ ဆင်ဖြူရှင်ဟု အသိများသော မင်း (အေဒီ ၁၇၆၃–၁၇၇၅) ဖြစ်သည်။ ယင်းက ရွှေဘိုမြို့ အနောက်တောင်အရပ်တွင် နိဗ္ဗာန်ဆိပ်ဦးဘုရားကို တည်ထားကိုးကွယ်ခဲ့သည်။ တည်ရာတွင် မွမ်းမံခြယ်သမှု မရှိဘဲနှင့် တည်ထားခဲ့သည်။ မကြာခဏ ပြုပြင်ခဲ့သည်။ ရုပ်ကြွများကို မွမ်းမံရာတွင် မူလအပြင်အဆင်

---

[၁] Mr. Taw Sein Ko (1906), p. 151

[၂] Mr. Taw Sein Ko (1906), p. 151

နောက်ကြောင်းကောက်လို့ မရချေ။ ယင်းလက်ထက် အတောအတွင်းတွင် ရွှေမြို့တော်ကို ရွှေဘိုမှ အင်းဝသို့ ပြောင်းရွှေ့ခဲ့သည်။ အင်းဝသည် ရေးဟောင်းမြို့တော်ဖြစ်ပြီး ဧရာဝတီနှင့် မြစ်ငယ်ကြားတွင် ရှိသည်။ ရွှေဘိုမြို့တွင်မူ နိဗ္ဗာန်ဆိပ်ဦးဘုရား တည်ခဲ့သည်။ ယင်းသည် အရွယ်အားဖြင့် အလယ်အလတ်ရှိသော ဘုရားဖြစ်ပြီး မွမ်းမံခြယ်သမှု မရှိခဲ့ချေ။ ယင်းသည် ကုသိုလ်ကောင်းမှုပြုရာ ဌာနတို့၌ ကျောက်စာများလည်း စိုက်ထူခဲ့သည်။ ရွှေဘိုတွင် ကုန်းဘောင်ဘုရင်များက ဘုရားသုံးဆူသာ တည်ခဲ့ကြသည်။

စစ်ကိုင်းဝန်းကျင်တွင်လည်း သုံးဆူထက် မပိုသော ဘုရားများကို ကုန်းဘောင်မင်းများက တည်ထားခဲ့သည်။ ဗဒုံမင်းက ယင်းနယ်နှင့်ဒဏ်ခံရစဉ် နေထိုင်ခဲ့ရသော စစ်ကိုင်းမြို့ ဧရာဝတီမြစ်ကမ်းဘေး တစ်နေရာ၌ မင်းဖြစ်သောအခါ အိမ်တော်ရာဘုရားကို တည်ခဲ့သည်။ ထိုစေတီတော်သည် ကျောက်ဖြင့် တည်ဆောက်ထားသော ကျောက်စေတီဖြစ်၍ ထူးခြားသည်။ ထိုစေတီသည် ဧရာဝတီမြစ်၏ လက်ယာဘက် ကမ်းပေါ်တွင် ရှိသည်။ ထို့ပြင် စစ်ကိုင်း၏ အရှေ့ဘက် ၁၂ မိုင်ခန့်အကွာတွင် ပုထိုးတော်ကြီး ဘုရားရှိသည်။ မင်းကွန်း ပုထိုးတော်ကြီးဟု ထင်ရှားသည်။ ကြီးမားသော ဘုရားကြီးတစ်ဆူဖြစ်ပြီး ယင်းဘုရား တည်ဆောက်မှုကို အပြီးမသတ်နိုင်ခဲ့ချေ။ ပုထိုးတော်ကြီး၏ အရှေ့ ဧရာဝတီကမ်းထိပ်တွင် ခြင်္သေ့ကြီး ၂ စီး မြစ်ဘက်သို့ မျက်နှာမူလျက် ရင်ဘောင်တန်း ထိုင်နေပုံ တည်ဆောက်ထားသည်။ အလေးချိန် ၁၁၀ တန်ရှိသော ကြီးမားသော ခေါင်းလောင်းကိုလည်း ဗဒုံမင်းက သွန်းလောင်းခဲ့သည်။ ထိုခေါင်းလောင်းသည် မော်စကိုတွင်ရှိသော ခေါင်းလောင်းနှင့် နှိုင်းယှဉ်လျှင် ဒုတိယအကြီးဆုံး ခေါင်းလောင်းဖြစ်သည်။ ပုထိုးတော်ကြီး၏ မြောက်ဘက်တွင် အိမ်ရှေ့မင်းသားက မြင့်မိုရ်တောင်ကို ဗဟိုပြု၍ စကြဝဠာတည်ဟန် ဘုရားတည်ခဲ့သည်။ မြင့်မိုရ်တောင်ထိပ်ရှိ စူဠာမုနိပုံ ရည်မှန်းတည်ခြင်း ဖြစ်ပါသည်။ အိမ်ရှေ့မင်းသားသည် အဖိုးကွယ်လွန်ပြီးနောက်တွင် ဘကြီးတော်ဟု လူသိများသော စစ်ကိုင်းမင်း ဖြစ်လာသည်။ ထိုဘုရားကို ရှင်ဖြူဘုရား(သို့) မြသိန်းတန်ဘုရား ဟုခေါ်သည်။ ယင်းဘုရားပုံတော်မျိုးကို ဘိုးတော်ကလည်း အမရပူရ၏ မြောက်ဘက်တွင် စန္ဒာမုနိဟူ၍ တည်ထားခဲ့သည်။ ထို့ကြောင့် မြေးတော်တည်သော ရှင်ဖြူဘုရားသည် စန္ဒာမုနိပုံစံမျိုး ဖြစ်ပေသည်။ ထိုဘုရားများသည် ဘိုးတော်ဘုရားနှင့် မြေးတော်စစ်ကိုင်းမင်းသားတို့၏ သမိုင်းအမွေအနှစ် ဘုရားများဖြစ်သည်။ ဗိသုကာပိုင်းဆိုင်ရာတွင် ပုဂံခေတ်က လက်ရာများနှင့် နှိုင်းယှဉ်ပါက မမီဟု ဆိုနိုင်ပါသည်။

လိုဏ်ပေါက် စေတီနှင့် ပုထိုးများကို မျှုးမတ်အရာရှိများနှင့် ပြည်သူများကပါ တည်ဆောက်ခဲ့ပြီး ယင်းတို့မှာ အရွယ်အစား သေးငယ်ကြသည့်အပြင် အချို့သော စေတီတို့၏ အတွင်းဘက် နံရံပေါ်၌ ပန်းချီများ

ပါရှိသည်။ ထိုနံရံပန်းချီတို့သည် ဗုဒ္ဓဖြစ်တော်စဉ်များကို ရေးဆွဲထားခြင်း ဖြစ်သည်။ ထို့ပြင် အမျိုးသမီးတို့ ဆံပင်ပုံစံ၊ အဝတ်အစားပုံစံတို့ကိုလည်း ရေးဆွဲထား၍ ကုန်းဘောင်ခေတ် လူမှုနယ်ပယ်ကို ဖော်ပြနေသယောင် ရှိသည်။ ထိုပန်းချီတို့မှ မြစ်နှစ်သွယ်ကြားဒေသရှိ ကုန်းဘောင်ခေတ် လူမှုဘဝကိုလည်း ဖော်ထုတ်ယူ၍ ရနိုင်ပါသည်။ ထိုသို့သော ပန်းချီများကို စစ်ကိုင်း၊ ဝမ်းပြည့်၊ ခင်မွန်၊ ရွာသစ်ကြီး၊ မုံရွေး၊ ရွှေဘို၊ အမြင့်၊ သစ်ဆိမ့်တို့တွင် တွေ့ရှိလေ့လာနိုင်သည်။

မင်းမှုထမ်း ပြည်သူတို့ ဘုရားတည်ထား ကိုးကွယ်လိုသောအခါ မင်းကေရာဇ်ထံ ခွင့်တောင်း ကြရသည်။ မင်းက ခွင့်ပေးမှ ရာထူးအဆင့် ဂုဏ်သိန်နှင့်ညီသော ဘုရားပုထိုးကို တည်ခွင့်ရပေသည်။ ပုဂံမင်းလက်ထက် အဆောင်မြဲတစ်ဦးက ယင်း၏ ဇာတိရွာတွင် ဘုရားတည်ထား ကိုးကွယ်လိုကြောင်းနှင့် ဘုရင်မင်းမြတ်ထံ ခွင့်ပန်လျှောက်ထားသောအခါ အောက်ပါအမိန့်တော်ကို ထုတ်ပြန်လျက် ခွင့်ပြုခဲ့သည်။

> အဆောင်မြဲငလျှော်က ရတနာသိင်္ခမြို့စီရင်စု စောပွတ်အိုး ကျေးရွာတွင် ကုသိုလ်တော်ပွား တည်လုပ်သည်ဘုရားမှာ မဟာရန်မုတ် ပေါင်းကူး ခြင်သေ့ မြေနင်း အတွင်း စိန်တောင် စေတီရံ နတ်မုတ် ထီးစိုက်ဘုရားဦး ပြာသာဒ်များကို တည်လုပ်ကိုးကွယ် ရပါမည့်အကြောင်းနှင့် ရှိခိုးသံတော်ဦးတင်ချက်အတိုင်း ရတနာသိင်္ခမြို့စီရင်စု စောပွတ်အိုး ကျေးရွာတွင် တည်လုပ်သည်ဘုရားမှာ မဟာရံ မုတ်ပေါင်းကူး ခြင်သေ့ မြေနင်း အတွင်း စိန်တောင် စေတီရံ နတ်မုတ် ထီးစိုက်ဘုရားဦး ပြာသာဒ်များနှင့် အဆောင်မြဲ ငလျှော်က ကုသိုလ်တော်ပွား တည်လုပ်ကိုးကွယ်လျှဒါန်းစေ။
>
> သက္ကရာဇ် ၁၂၁၄ ခု တပေါင်းလဆန်း ၆ ရက်နေ့နာခံတော် မင်းထင်ရာဇသီဟသူပြန် အမိန့်တော်[၁]။

ထိုနယ်အတွင်း အများအားဖြင့် လိုဏ်မပါသော စေတီမျိုးသာ တည်ဆောက်ပုံ များသည်။ ပုဂံမင်းမှ လွဲ၍ ကုန်းဘောင်မင်းတို့ တည်ထားခဲ့ကြသော စေတီတော်များသည် အားလုံး လိုဏ်မပါကြသည်များ ဖြစ်သောကြောင့် ပန်းချီဆေးရေးအားဖြင့်၊ အင်္ဂတေပန်း စသည်တို့ဖြင့် တန်ဆာဆင်မှု မရှိချေ။ သို့သော် ထိုနယ်အတွင်း နံရံဆေးရေးပန်းချီရှိသော ဘုရားများကိုလည်း အတော်အသင့် တွေ့ရှိရသည်။ လက်လှမ်းမီရာ ဘုရားအချို့ကို ဖော်ပြရသော် ကန့်ဘလူမြို့နယ် ဇီးကုန်း၊ ထန်းတပင်တွင်လည်းကောင်း၊ အလုံ၊ မုံ့ရွာဘက်တွင်

---

[၁] ပုရပိုက်မူ၊ သုကောင်း ၄၀၊ စလင်းမြို့ သုကောင်း ဦးမောင်မောင်ကြီး၊ ဒေါ်လုံးစု

လည်းကောင်း၊ ချောင်းဦး၊ မြင်းမူဘက်တွင်လည်းကောင်း၊ စစ်ကိုင်း၊ ရွာသစ်ကြီးဘက်တွင်လည်းကောင်း တွေ့ရှိရသည်။

## ဘုရားပွဲများ

ကုန်းဘောင်ခေတ်တွင် ဘုရားပွဲများသည် ကျေးလက်လူမှုစီးပွားဘဝအတွက် အလွန် အရေးပါ ပေသည်။ သာမန်အားဖြင့် ကုသိုလ်ပြုပွဲ ကုသိုလ်ယူပွဲဖြစ်သည်။ သို့သော် ဒေသ၏ လူမှုစီးပွားဘဝအတွက် များစွာ အထောက်အကူ ဖြစ်ပါသည်။ အကြောင်းမှာ ဈေးပွဲဖြစ်သောကြောင့်တည်း။ ထို့အပြင် ပျော်ပွဲရွှင်ပွဲများ လည်း ပါရှိသဖြင့် ကျေးလက်ပြည်သူတို့ တစ်နှစ်တာ ပင်ပန်းမှုကို ဘုရားပွဲတွင် ဖြေဖျောက်ခွင့် ရရှိပြီး ပျော်ရွှင်ကြရသောကြောင့် ဖြစ်သည်။ အချုပ်ဆိုရသော် ထိုဘုရားပွဲများကြောင့်

၁။ ပြည်သူတို့ ကုသိုလ်ကောင်းမှုပြုနိုင်ခြင်း

၂။ ရောင်းရေးဝယ်တာ ပြုလုပ်နိုင်ခြင်းနှင့်

၃။ စိတ်၏ ပင်ပန်းနွမ်းနယ်မှုများကို ဖြေဖျောက်နိုင်ခြင်း

တည်းဟူသော အကျိုးသုံးရပ်ကို ဒေသဘုရားပွဲများမှ ရရှိခံစားနိုင်ကြပါသည်။ မြောက်ဘက်တိုက်ဒေသ ဇေယျာသိဃ်နယ်တွင် ရှေးမင်းတို့ တည်ထားခဲ့သော တန်ခိုးကြီးဘုရားများရှိသည်။ ထိုဘုရားများသို့ သတ်မှတ် ထားသော အချိန်အခါတို့တွင် ဘုရားပွဲများကို နှစ်စဉ် ကျင်းပခဲ့ကြသည်။ ထိုသို့ ကျင်းပသောအခါ အချို့သော ဘုရားပွဲများကို မင်းဧကရာဇ်က အသိအမှတ်ပြုကာ အမိန့်စာချွန်တော် ထုတ်ပေးသဖြင့် ပြန်တမ်းဝင်ဘုရား ဖြစ်လာခဲ့သည်။ ယင်းသို့သော ဘုရားပွဲများသည် တစ်ပတ် နှစ်ပတ်မျှ ကျင်းပလာခဲ့ကြသဖြင့် ဈေးရောင်းပွဲ သဖွယ် ဖြစ်လာခဲ့ရသည်။ နယ်သူ နယ်သားတို့သည် ဘုရားဖူး ဈေးဝယ်၊ ဈေးရောင်း လုပ်လာနိုင်ခဲ့ကြသဖြင့် စီးပွားရေးလုပ်ငန်းတစ်ခုအသွင် ဆောင်လာခဲ့သည်။ သို့ဖြင့် ဘုရားပွဲသည် နယ်မြေ ဒေသတစ်ခု၏ ဈေးပွဲတော် ဖြစ်လာသည်။ မြန်မာမင်းများက အချို့သောဘုရားပွဲအတွင်း အခွန်ကောက်ခြင်းကို ပြုလုပ်ခဲ့ကြသည်။ ဗဟို အစိုးရက အခွန်တော်ကောက်ခံသော ဘုရားပွဲများမှာ

| | |
|---|---|
| စစ်ကိုင်းတွင် | ၃ ပွဲ |
| မြေဒူး၌ | ၁ ပွဲ |
| မြင်းမူတွင် | ၁ ပွဲ |
| ရွှေဘိုတွင် | ၁ ပွဲ |

| | |
|---|---|
| ဝက်လက်တွင် | ၂ ပွဲ |
| အမြင့်တွင် | ၂ ပွဲ |
| အလုံ၌ | ၁၉ ပွဲ |

အသီးသီး ကျင်းပခဲ့ကြသည်။[၁] ဘုရားပွဲတွင် ပြည်သူများသည် ပျော်ပွဲ ရွှင်ပွဲများ ပါသဖြင့် ပြည်သူတို့ ပျော်ရွှင်ကြရသည်။ သီးနှံများ ရိတ်သိမ်းရောင်းချပြီးချိန်ဖြစ်၍ လိုအပ်သော အစားအစာများ၊ လယ်ယာသုံး ကိရိယာများ၊ အဝတ်အထည်များ အိမ်ထောင်စုသုံး ပစ္စည်းများ၊ စိုက်ပျိုးရေးဆိုင်ရာ လက်နက်ကိရိယာများ ဝယ်ကြသည်။

ထိုဒေသအတွင်းတွင် နတ်ကိုးကွယ်မှုလည်း ရှေးကတည်းက ရှိခဲ့သည်။ သို့သော် ဗုဒ္ဓဘာသာ ကိုးကွယ်မှုကဲ့သို့ မပြင်းထန်ခဲ့ချေ။ နတ်ပွဲများလည်း ယခုတိုင် ကျင်းပကြသည်။ ကုန်းဘောင်ခေတ်ကတည်းက နှစ်စဉ်ကျင်းပခဲ့သော နတ်ပွဲများမှာ–

အနောက်မယ်တော်ကြီး

ထီးဖြူဆောင်း

ကိုကြီးကျော်

ကိုးမြို့ရှင်

လေးကျွန်းမောင်

ရှမ်းနတ်

တောင်ကြီးနတ်

ရွာတော်ရှင်

စသည်တို့ ဖြစ်သည်။ နတ်သည် ဗုဒ္ဓဘာသာ မရောက်မီကတည်းက ကိုးကွယ်ခဲ့ကြခြင်းဖြစ်၍ ဗုဒ္ဓဘာသာ ဖြစ်လာသောအခါတွင်လည်း ဆက်လက်ရှင်သန်နေခဲ့ပါသည်။ ဤသို့ ဖြစ်ရသည်မှာ ဗုဒ္ဓသာသနာတော်ကို ဦးဆောင် ဦးရွက် ပြုနေခဲ့ကြသော ဘုန်းတော်ကြီးများ၏ သည်းခံမှု၊ ပြည်သူကို အသိဉာဏ်ပေးခြင်း နည်းပါးမှု၊ ပြည်သူတို့ကြားတွင် ကျယ်ပြန့်နက်နဲသော ဗုဒ္ဓသာသနာနှင့် ပညာ အရောက်နည်းပါးမှုတို့ကြောင့် ဖြစ်လေမည် ဟု မှန်းဆမိပါသည်။

---

[၁] Toe Hla (2004), pp. 27-31

ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးများလည်း ဘုရားများကို ဦးစီးဦးဆောင် ပြုလုပ်တည်ထားတတ်ကြသည်။ ယင်းသို့ ဘုရားတည်ဆောက်ခဲ့သည်တို့တွင် ဒုတိယ မောင်းထောင်ဆရာတော်လည်းပါသည်။ ထိုဆရာတော်သည် ဘုတလင်နယ် နတ်ရဲတောင်ခြေ၌ မဟာလောကမာရဇိန်ဘုရားကို တည်ဆောက်ခဲ့သည်။ ထိုဘုရားသည် ကြီးမားသော ဘုရားတစ်ဆူ ဖြစ်သည်။ အထူးလှပတင့်တယ်သော ကျောက်ထွင်း ပန်းချီပုံချပ်များဖြင့် ဘုရားခြေတော်ရင်းပတ်လည် တန်ဆာဆင်ထားသည်။ ရာမဇာတ်ဝင်ခန်းကို ပုံဖော်ထားခြင်း ဖြစ်သည်။ ရာမဇာတ်သည် ဟိန္ဒူဘာသာ၏ အတက်အပွားလည်း ဖြစ်သည်။ ဟိန္ဒူရာမ ဇာတ်ဝင်ခန်းကို ဖော်ပြရာတွင် သရုပ်ဖော်ပုံများကို ကျောက်ပြားပေါ်တွင် ရေးထွင်းထားခြင်းက ဗုဒ္ဓဘာသာဝင်များအတွက် ထူးဆန်းသည့် အချက်ပင် ဖြစ်သည်။ ထိုဇာတ်တော်၏ အဖြစ်အပျက်ကို ကျောက်ပြားပေါ်တွင် ဇာတ်ဝင်ခန်းအလိုက် ပြည့်စုံအောင် ဖော်ပြထားသည်။ လှပစွာ ဖန်တီးထားသော ထွင်းပန်းချီ ကျောက်ပြားများသည် သမိုင်းအရ အရေးပါခြင်းမှာ အလှအသီးသီး၏ ဝတ်စုံများ၊ သံတမန် ဆက်ဆံရေးများ၊ စစ်သားများ လက်နက်အသုံးပြုပုံ၊ မြန်မာကလေးသူငယ်များ အားကစားပြိုင်ပွဲတွင် ကစားနေကြပုံများ ပါဝင်နေသောကြောင့် ဖြစ်သည်။

ပုဂံခေတ်ကတည်းက ထိုဒေသနေ ပြည်သူများသည် ဗုဒ္ဓဘာသာကို နက်နဲစွာ ယုံကြည်ကိုးကွယ်ခဲ့ကြသည်။ အုပ်စိုးသူ ဘုရင်များ၏ ကြိုးပမ်းအားထုတ်မှုများကြောင့် ဗုဒ္ဓဘာသာသည် အဓိက ကိုးကွယ်ရာ ရေသောက်မြစ် ဖြစ်လာသည်။ ချောင်းဦးနယ်မှ တောနေဘုန်းကြီးဖြစ်သော ရှင်မဟာကဿပသည် ပုဂံခေတ်ကတည်းက တောနေဘုန်းကြီး အကြီးအကဲဖြစ်ခဲ့သည်။ ဆူးတွင်းပြစ် ဆရာတော် (အေဒီ ၁၃၁၁ခန့် ၁၃ရာခန့်)သည် စစ်ကိုင်းနယ်ရှိ သာစည်ရွာဇာတိ ဖြစ်သည်။ ပင်းယခေတ်ကတည်းက စစ်ကိုင်းသည် ဗုဒ္ဓဘာသာဝင်များ နေထိုင်ရာ ဗဟိုဌာနချုပ်ဖြစ်ခဲ့သည်။ အင်းဝခေတ်၌ ပညာရှိ စာဆိုရဟန်းဖြစ်သော ရှင်မဟာသီလဝံသသည် စစ်ကိုင်းတွင် သီတင်းသုံးခဲ့သည်။ စစ်ကိုင်းတောင်သည် စာသင်သားရဟန်းများ၏ စာပေလေ့လာရာ ဗဟိုဌာန၊ တောရဆောက်တည်သော ရဟန်းတော်တို့၏ ကေစာရီကျင့်ရာများ ဖြစ်ခဲ့သည်။

မြောက်ဘက်တိုက်ဒေသတွင် ကုန်းဘောင်ခေတ်ကာလက ဗုဒ္ဓဘာသာနှင့်အတူ ရဟန်းကျောင်းများ ထွန်းကားလာရခြင်းမှာ အကြောင်း ၂ ချက် ရှိပါသည်။ ပထမအချက်မှာ မင်းဆက်တည်ထောင်သူများမှာ မုဆိုးဖိုဇာတိဖြစ်ပြီး ထိုရွာသည် မင်းနေပြည်တော်ဖြစ်ခဲ့၍ ရဲစွမ်းသတ္တိ ရှိသူများ နေထိုင်ရာ ဗဟိုဌာန ဖြစ်ခဲ့ခြင်းတို့ကြောင့် ဖြစ်သည်။ ဒုတိယအချက်မှာ သံဃာ့အဖွဲ့အစည်း အကြီးအကဲများသည်လည်း ထိုဒေသတွင် နေထိုင်ခဲ့ကြသော ဇာတိသားများ ဖြစ်သည်။ သာဓကအားဖြင့် အလောင်းမင်းတရားကြီး၏ သာသနာပြု

ဆရာတော်သည် ဥသျှစ်ကျေး (အရာတော်) ဇာတိဖြစ်သည်။ ဇရစ်ဆရာတော်လည်း အရာတော်နယ်ဇာတိ ဖြစ်သည်။ ဗဒုံမင်း၏ သာသနာပြုဆရာတော်သည် မောင်းထောင် (ဘုတလင်) ဇာတိဖြစ်သည်။ ထို့အတူ သာယာဝတီမင်းနှင့် မင်းတုန်းမင်းတို့၏ သာသနာပြုဆရာတော်သည် နတ်ရဲတောင်(ဘုတလင်) ဇာတိဖြစ် သည်။ ထို့အပြင် ထင်ရှားခဲ့သော အခြားဆရာတော်များမှာ

ခင်မွန်ဆရာတော်
စည့်ပါဆရာတော်
ဇရစ်ဆရာတော်
ညောင်ကန်ဆရာတော်
မုံတိုင်ပင်ဆရာတော်
မုံရွေးဆရာတော်
ရွှေကျင်ဆရာတော်
လယ်တီဆရာတော်
ဝက်လက်ဆရာတော်
သလုံးဆရာတော်

စသည်တို့ ဖြစ်သည်။ ကုန်းဘောင်ဘုရင်များသည် ထိုဒေသတွင် ဘိုးဘွားဘီဘင်ကတည်းက နေထိုင်ခဲ့ကြ၍ ထိုဒေသကိုလည်း သံယောဇဉ်ထားခဲ့ကြသည်။ ထိုဒေသ တိုးတက်ရေးကို ဆောင်ရွက်ခဲ့ကြသည်။ ထို့ကြောင့် ဒေသခံပြည်သူတို့ကလည်း မင်းမှုတော်များကို ပိုမို၍ သက်စွန့်ကြိုးပမ်း ထမ်းရွက်ခဲ့ကြသည်ဟု ဆိုနိုင်ပါသည်။ ကုန်းဘောင်မင်းတို့အတွက် သာသနာတော်ရေးတွင် ကိုးစားနိုင်လောက်အောင် တတ်မြောက်ထွန်းပေါက် သော ဆရာတော်များ ထွန်းပေါ်ခဲ့ခြင်းသည် အားတစ်ရပ်ပင် ဖြစ်ပေသည်။

## သံဃာ့အဖွဲ့အစည်း

ကုန်းဘောင်ခေတ်တွင် စစ်ကိုင်း၊ ရွှေဘိုနှင့် အလုံမြို့တို့သည် ထိုဒေသကြီး တစ်ခုလုံး၏ အုပ်ချုပ်ရေး ဌာနချုပ်များ ဖြစ်ပါသည်။ နောက်ဆုံးမင်း သီပေါလက်ထက် ဆယ်ခရိုင်ခွဲခြား အုပ်ချုပ်သည့် အုပ်ချုပ်ရေး စနစ်ကို ဖော်ဆောင်သောအခါ ထိုဒေသတွင် အုပ်ချုပ်ရေးဌာနကြီး နှစ်ခုအဖြစ် ပေါ်ထွန်းလာခဲ့သည်။ စစ်ကိုင်း ခရိုင်နှင့် ချင်းတွင်းကြောင်း ခရိုင်ဟူ၍ တွေ့ရမည်ဖြစ်သည်။ ချင်းတွင်းကြောင်း ခရိုင်၏ ဌာနချုပ်သည် အလုံ

ဖြစ်သည်။ ထိုဒေသ၏ သံဃာ့အဖွဲ့အစည်းသည် အစဉ်အလာကောင်း ရှိသောကြောင့် အခြားဒေသတို့ထက် အားကောင်းသည်ဟု ထင်ပါသည်။ သာသနာပိုင် ဆရာတော်ကြီးများ၊ ပိဋကတ်သုံးပုံတွင် ခြောက်ခြားနိုင်ခဲ့သော ဆရာတော်များ၊ စာပေပညာရှင် ရဟန်းတော်များနှင့် အကျင့်၊ သီလ၊ သိက္ခာ၊ သမာဓိကောင်းသော ဆရာတော်များသည် ထိုဒေသအတွင်းမှ အများဆုံး ထွက်ရှိခဲ့ပါသည်။

မင်းကေရာဇ်က သာသနာ့ဒါယကာ ခံယူခဲ့သည့်အတွက် ကုန်းဘောင်ခေတ် အချို့သော မင်းတို့လက်ထက်တွင် သံဃာ့အဖွဲ့အစည်းသည် ပရိယတ္တိနှင့် ပဋိပတ္တိအရာတွင် တိုးတက်လာခဲ့သည်ကို တွေ့ရသည်။ ဘုရင်မင်းမြတ်တို့သည် ရဟန်းတော်တို့အတွက် ကျောင်းတိုက်များ ဆောက်လုပ်လှူဒါန်းခဲ့ကြသည်။ ထင်ရှားသော ဆရာတော်ကြီးများနှင့် ကျောင်းတိုက်များသို့လည်း ဆွမ်းဆန်တော်များ ထောက်ပံ့ခဲ့သည်။

ကုန်းဘောင်ခေတ်တွင် ဘုရင်များသည် သံဃာများကို ဆန်များ လှူဒါန်းသည့်အပြင် စစ်ကိုင်းချောင်တွင် နေထိုင်သော ရသေ့နှင့် သီလရှင်များကိုလည်း လှူဒါန်းခဲ့သည်။ စစ်ကိုင်းတောင်သည် ရဟန်းကျောင်းများ သီလရှင်ချောင်များနှင့် စည်ကားနေပြီး ဗုဒ္ဓစာပေများ သင်ကြားပို့ချရာ ဗုဒ္ဓတက္ကသိုလ်ကြီး ဖြစ်လာခဲ့သည်။ ကုန်းဘောင်ခေတ်နှောင်းမင်းတို့ စစ်ကိုင်းချောင်ရှိ ဘုန်းကြီးများကို ဆန်များ လှူဒါန်းကြောင်း မှတ်တမ်းများ တွေ့ရှိရသည်။ သာယာဝတီမင်းသည် ၁၈၃၉ ခုနှစ်တွင် မိဖုရားခေါင်ကြီးနှင့်အတူ စစ်ကိုင်းတောင်ရှိ ပိတောက်ချောင်သို့ မင်းခမ်းမင်းနားနှင့် ကြွလာပြီးလျှင် စစ်ကိုင်းချောင်ရှိ ဘုန်းကြီးများသို့ ဆန်အိတ် ၆၀၀ နှင့် ရိက္ခာအဖြစ် ဆား၊ ငပိ၊ ငါးခြောက်၊ ဧရာ၊ ကြက်သွန်များ လှူဒါန်းခဲ့သည်။ ဖယောင်းတိုင်နှင့် အမွှေးတိုင်များလည်း အလှူတွင် ပါရှိသည်[၁] ထီးနန်းဆက်ခံသူ သားတော် ပုဂံမင်းသည်လည်း မိဖုရားများနှင့်အတူ စစ်ကိုင်းတောင်သို့ ကြွချီလာခဲ့ပြီး စည့်ပါတိုက်သို့ ဆွမ်းဆန် ရိက္ခာပစ္စည်းများနှင့် အခြားသံဃာ့ အသုံးအဆောင်များကို လှူဒါန်းခဲ့သည်။ ဆန်၊ ငါးခြောက်၊ ငပိ၊ ဆား၊ ကွမ်းသီး၊ ဖယောင်းတိုင်များ ပါရှိခဲ့သည်။[၂] တောင်သမန် ကျောက်တော်ကြီးဘုရားဟု အသိများသော မဟာသကျရံသီ ဘုရားဝင်းအတွင်းတွင် စိုက်ထူခဲ့သော ကျောက်စာတွင် မင်းသည် ဘုန်းကြီးများကို နေ့စဉ် ဆွမ်းလှူကြောင်း ကျောက်စာရေးထိုးထားသည်။ အထူးသဖြင့် စစ်ကိုင်းတောင်ရှိ ပိတောက်၊ ရွှေဝါနှင့် အနုရုဒ္ဓါ ချောင်များတွင် လှူဒါန်းစေခဲ့ခြင်း ဖြစ်သည်။[၃]

---

၁ ဦးမောင်မောင်တင်၊ **ကုန်းဘောင်ဆက်မဟာရာဇဝင်တော်ကြီး၊** အတွဲ ၃၊ ရန်ကုန်၊ ရာပြည့်စာအုပ်တိုက်၊ ၂၀၀၄၊ စာ ၃၉၅၊ (နောင်ကိုးကားလျှင် **ကုန်းဘောင်ဆက် ၂၀၀၄** ဟုညွှန်းမည်။)

၂ **ကုန်းဘောင်ဆက် ၂၀၀၄၊** စာ ၇၅

၃ **ကျောက်တော်ကြီးဘုရား ကျောက်စာ၊ ကြောင်းရေ၊** ၄၅–၄၆

မင်းတုန်းမင်းသည် ရှေးကဘုရင်များကဲ့သို့ ဆက်လက်၍ မြောက်ဘက်တိုက်ရှိ ကျောင်းများကို လှူဒါန်းရာတွင် ပိုမို၍ မှတ်သားဖွယ်ကောင်းအောင် ပြုလုပ်ခဲ့သည်။ စစ်ကိုင်းတောင်ရိုးရှိ ပိတောက်နှင့် ဓမ္မိကာရာမချောင်တို့တွင် ပရိယတ်၊ ပဋိပတ်ကို ရွက်ဆောင်တော်မူနေကြကုန်သော ဘုန်းကြီးများ၊ သီလရှင်များ၊ ကိုရင်များ၊ ဖိုးသူတော်များ၊ ကပ္ပိယများ အပါအဝင် စုစုပေါင်း ၆၀၀ ကျော် နေထိုင်လျက်ရှိသည်။ ထိုအချိန်က စစ်ကိုင်းတောင်တွင် ချောင်ပေါင်း ၆၀ ကျော်ရှိ၍ တိလောကဂုရု၊ ထူပါရုံ၊ တောင်ဖီလာ အပါအဝင် တောကျောင်း ၄၀ ကို လစဉ် ရိက္ခာပစ္စည်း လှူဒါန်းခဲ့သည်။ ထိုလှူဒါန်းခဲ့သည်များမှာ ဆီ၊ ဆန်၊ ငပိ၊ ငရုတ်၊ ကြက်သွန်တို့ ဖြစ်သည်။[၁]

မည်သည့် ရည်ရွယ်ချက် စေတနာတို့ဖြင့် မင်းတုန်းမင်းကြီးသည် သံဃာ့အဖွဲ့အစည်းကို လှူဒါန်းခဲ့ကြပါသနည်း။ ပကတိအားဖြင့် ကြည်ညိုသောစိတ် သဒ္ဓါတရား စေ့ဆော်သဖြင့် လှူဒါန်းထောက်ပံ့ခဲ့ခြင်း ဖြစ်ပါသည်။ သို့သော်လည်း နိုင်ငံထူထောင်ရေး ဆောင်ရွက်ရာတွင် အချို့သော ပြည်ထဲရေးကိစ္စရပ်များတွင် ရဟန်းတော်တို့၏ ထောက်ခံမှုအားနှင့် နယ်ပယ်ဒေသ အုပ်ချုပ်ရေး အရာရှိတို့အပေါ် ထိန်းချုပ်နိုင်ရေးသည် အရေးကြီးပြဿနာတစ်ရပ် ဖြစ်ပါသည်။ ဒေသအရာရှိတို့ မတော်မတရား မအုပ်ချုပ်နိုင်ရေးအတွက် ရဟန်းတော်များဖြင့် စောင့်ကြပ်ကြည့်ရှုခဲ့သည်။ ထို့ကြောင့် မင်းနှင့် ရဟန်း ဆက်ဆံရေးကို ဦးစွာတင်ပြပါမည်။

## ဘုရင် သို့မဟုတ် သာသနာ့ဒါယကာ

သမားရိုးကျအားဖြင့် မင်းတစ်ပါး နန်းတက်လာလျှင် အုပ်ချုပ်ရေးဆိုင်ရာ မှူးမတ် အရာရှိများကို အပြောင်းအလဲ လုပ်ဆောင်သကဲ့သို့ သာသနာရေး သာသနာမှုအတွက်လည်း သာသနာပိုင်အသစ်နှင့် သုဓမ္မာဆရာတော်များအဖွဲ့ကို ခန့်ထားလေ့ရှိသည်။ ထို့ကြောင့် မင်းတစ်ပါးလျှင် ကိုယ်ပိုင် သာသနာပိုင် တစ်ပါးစီ ရှိခဲ့ကြကြောင်း တွေ့ရသည်။ များသောအားဖြင့် မိမိတို့ ငယ်ဆရာများကို သာသနာပိုင် ခန့်ထားလေ့ရှိခဲ့သည်။ ကုန်းဘောင်ခေတ်မင်းတို့တွင် သာသနာတော်ရေး သာသနာတော်မှုကို အလေးထား ရွက်ဆောင်ခဲ့ကြသော မင်းနှစ်ပါးတို့မှာ ဗဒုံမင်းနှင့် မင်းတုန်းမင်းတို့ ဖြစ်သည်။ ဗဒုံမင်း၏ ဆောင်ရွက်ချက်များကို ခေတ်ပြိုင်မှတ်တမ်းများစွာပင် ရှိသည်။ အချို့ကို ဖော်ပြရသော် ဗဒုံမင်း ထုတ်ပြန်ခဲ့သော အမိန့်တော်များ[၂]၊ ဗဒုံမင်း အယူဝါဒစာတမ်း၊

---

[၁] ကုန်းဘောင်ဆက် (၂၀၀၄) ၊ အတွဲ ၃၊ စာ ၃၀၄

[၂] Than Tun, Comp. & Ed. *Royal Orders of Burma* (Myanmar), in 10 vols., Kyoto , Centre for Southeast Asian Studies, Kyoto University Press,1983-1990, vols, IV-VII. ကြည့်ပါ။

အတင်အရုံ စာတမ်း၊ အမေးတော်ဖြေ စသည်တို့ကို ကြည့်လျှင် ထိုခေတ် သာသနာတော်ရေး အခြေအနေကို ကောင်းစွာ သိမြင်နိုင်ပါသည်။

ဗဒုံမင်းနောက် စိုးစံခဲ့ကြသော စစ်ကိုင်းမင်း၊ သာယာဝတီမင်းနှင့် ပုဂံမင်းတို့ လက်ထက်တွင် သာသနာတော်ရေး သာသနာတော်မှုကို မင်းတို့ကလည်း များစွာ အရေးမထားသဖြင့် ထူးခြားမှု မရှိခဲ့ချေ။ သို့သော် စစ်ကိုင်းမင်းလက်ထက်တွင် ပြောစရာနှစ်ခုကား ရှိပါသည်။ ထိုမင်းလက်ထက် မှန်နန်းရာဇဝင် တော်ကြီးကို မုံရွာမြို့နယ် မုံရွေးရွာမှ ဆရာတော် ဦးဆောင်ပြုစုခဲ့ခြင်း ဖြစ်သည်။ ထို့အပြင် ဘုတလင်မြို့နယ် မောင်းထောင်ရွာမှ ပထမ မောင်းထောင်ဆရာတော် လူထွက် မဟာဓမ္မသင်္ကြံသည် မှန်နန်းရာဇဝင်တော်ကြီး ရေးသားမှုတွင် ပါဝင်ခဲ့သကဲ့သို့ သာသနာလင်္ကာရ စာတမ်းကိုလည်း ရေးသားခဲ့ခြင်းပင် ဖြစ်သည်။ ထို့ကြောင့် မင်းတုန်းမင်းလက်ထက်တော် ကာလကိုသာ ပဓာနထား၍ တင်ပြရပါမည်။

မင်းတုန်းမင်းသည် ဒုတိယ အင်္ဂလိပ်-မြန်မာစစ်အတွင်း နောင်တော်ကို ပုန်ကန်၍ ထီးနန်းရယူ လာခဲ့သူ ဖြစ်သည်။ စင်စစ် နန်းနှင့် မင်းအဖြစ်ကို တမက်တမောဖြင့် ပုန်ကန်ရယူခဲ့ခြင်းမူ မဟုတ်ချေ။ ထို့ကြောင့် ယင်းထီးနန်း ရရှိလာသောအခါ လုပ်ဆောင်စရာ အရေးများစွာ ပါဝင်လာခဲ့သည်။

၁။ နယ်ချဲ့နှင့် ရင်ဆိုင်နေရသော စစ်ကို အဆုံးသတ်ရေး၊

၂။ ကျိုင်းတုံ၌ ယိုးဒယားကျူးကျော်မှုကို တွန်းလှန်ဖယ်ရှားရေး

၃။ အမရပူရနေပြည်တော်ဝင်၍ ထီးနန်းကို သိမ်းပိုက်နိုင်ရေး

တို့သည် လတ်တလော လုပ်ဆောင်ရမည့် အမှုကိစ္စများဖြစ်၍

၁။ နိုင်ငံ အေးချမ်းသာယာရေး

၂။ ခေတ်မီနိုင်ငံ ထူထောင်နိုင်ရေးနှင့်

၃။ သာသနာတော် ထွန်းကားပြန့်ပွားရေး

တို့မှာ ဆက်လက်၍ မဆိုင်းမတွ လုပ်ဆောင်သွားရမည်များ ဖြစ်ပေသည်။ နန်းရစက ထုတ်ပြန်ခဲ့သော ယင်း၏ အမိန့်တော်များကို ကြည့်လျှင် မင်းတုန်းမင်း၏ အခက်အခဲများနှင့် ထိုအခက်အခဲများမှ မည်သို့ ကျော်လွှား လွန်မြောက်နိုင်ခဲ့သည်တို့ကို ကောင်းစွာ သဘောပေါက်နိုင်မည် ဖြစ်ပါသည်။

ထိုမင်းလက်ထက် ဇေယျာသိင်္ခနယ်မြေမှ သာသနာတော်ရေး အခြေအနေတို့ကို ဤနေရာတွင် သီးသန့် တင်ပြဆွေးနွေးသွားပါမည်။ ရှေးက ဒီပဲယင်းနယ်၊ ယခု ရေဦးနယ်ရှိ မုံတိုင်ပင်ရွာသည်

ကုန်းဘောင်ခေတ်နှောင်းတွင် သာသနာတော်ရေးတို့နှင့်ပတ်သက်၍ အရေးပါခဲ့သော ရွာတစ်ရွာ ဖြစ်ခဲ့သည်။ မုံတိုင်ပင်ဆရာတော်သည် ကျမ်းပေါင်းများစွာ ရေးသားပြုစုခဲ့သော ဆရာတော်တစ်ပါးလည်း ဖြစ်သည်။ ထင်ရှားသော ကျမ်းအချို့ကို ဖော်ပြရသော်

စာရိတ္တဝါရိတ္တဘုရားရှိခိုး

သုံးပုံကူးတို့ကျမ်း

သုံးပုံတန်ချူကျမ်း

သုံးပုံဟင်းလေးကျမ်း

စသည်တို့ ဖြစ်သည်။ မင်းတုန်းမင်းလက်ထက်က ထုတ်ပြန်ခဲ့သော သာသနာတော်ရေးနှင့်ဆိုင်သည့် မင်းအမိန့်တော်များ၊ သာသနာပိုင် အမိန့်တော်များ၊ လွှတ်တော်ဆင့်စာမှ စာများကို ထိုကျောင်းသို့ ပေးပို့ခဲ့သည်ကို တွေ့ရှိရသည်။ ထိုကျောင်းမှ ''အမိန့်တော်ပေါင်း ဥပဒေတော်ပေါင်း'' ဟူသော ပေတစ်ထုပ်ကို လေ့လာဖတ်ရှုကူးယူခွင့် ရရှိသဖြင့် မင်းတုန်းမင်း၏ သာသနာတော်ရေး ဆောင်ရွက်ချက်များ အပြင် ရွှေဘို ဒီပဲယင်း တစ်နယ်လုံးမှ သာသနာတော်ရေး အခြေအနေတို့ကိုပါ သိရှိခွင့် ရရှိခဲ့ခြင်းပင် ဖြစ်ပေသည်။

မင်းတုန်းမင်း နန်းတက်စ ပြည်သူတို့ကို ကာကွယ်ပေးသောအနေဖြင့် အောက်ဖော်ပြပါ အမိန့်တော်များကို ထုတ်ပြန်ခဲ့သည်။

၁၂၁၄ ခုနှစ် ၁ ပြည်သူတို့ထံမှ ဘိုးဘပိုင် ဓားမဦးချ မြေများမသိမ်းရ

၁၂၁၄ ခုနှစ် ၁၁ ကြွေးမြီဟောင်း တောင်းခြင်းကို တစ်နှစ်ရပ်ဆိုင်း

၁၂၁၄ ခုနှစ် ၁၄ မင်းပြောင်းမင်းလွဲကို အခွင့်ယူလျက် ရိုးရာမလုဆိုရ

ထိုအမိန့်တော် သုံးခုသည် ကျေးလက် လူမှုဘဝအတွက် အလွန်အရေးပါသော အမိန့်တော်များ ဖြစ်သည်[၁]။ လူမှု စီးပွားဘဝကို ထိုအမိန့်တော်တို့ဖြင့် တည်ငြိမ်အေးချမ်းသာယာအောင် ထိန်းသိမ်းနိုင်ပေသည်။ မင်းတုန်းမင်းသည် ပြည်သူတို့သို့ ထုတ်ပြန်ခဲ့သော အုပ်ချုပ်ရေးဆိုင်ရာ အမိန့်တော်တို့ကို ဒီပဲယင်းနယ်မှ မုံတိုင်ပင်ကျောင်းသို့ ပေးပို့ခဲ့သည်။ ထို့ကြောင့် အခြားသော ဂိုဏ်းအုပ် ဂိုဏ်းထောက်များသို့လည်း ပေးပို့ခဲ့မည် ဧကန်ဖြစ်သည်။ ရဟန်းတော်တို့က နယ်ပယ် ဒေသအုပ်ချုပ်သူတို့ကို ကြီးကြပ်ထိန်းကွပ်ပေးရန် ဖြစ်သည်။ ရဟန်းတော်တို့ ထောက်ခံကူညီမှုအားဖြင့် ငြိမ်းချမ်းသာယာသော အုပ်ချုပ်ရေးကို ထူထောင်လိုခြင်း

[၁] **အမိန့်တော်ပေါင်း ဥပဒေတော်ပေါင်း၊** မုံတိုင်ပင် ပေ၊ ကူ–ကျော

လက္ခဏာဟု မှတ်ရမည်ထင်ပါသည်။ ထို့ကြောင့် မင်းတုန်းမင်းကြီးကို အခြားမည်သည့်မင်းနှင့်မျှ မတူအောင် ရဟန်း သံဃာတော်တို့၏ ထောက်ခံမှုကို ရရှိခဲ့ပါသည်။ ပြည်သူတို့ကို မင်းတရားကြီး သက်တော်ရာကျော် ရှည်ရေး မေတ္တာပို့ကြရန်ကိုပင် ဘုန်းကြီးရဟန်းတို့က ပြည်သူတို့ကို ဆော်ဩပေးခဲ့ကြပါသည်။

ဒီပဲယင်းမြို့ ဂိုဏ်းဒုအုပ် ဂိုဏ်းထောက်တို့ အမိန့်ရှိလိုက်သည်၊ ဒီပဲယင်းနယ်တွင်းရှိ သွေးသောက်ဘွဲ့ရှာ ဌာနန္တရဝိနယရ ဝိနည်းမိုရ်ပုဂ္ဂိုလ်အရှင်မြတ်တို့။

ဆဒ္ဒန်သခင် ဘုရင်မင်းမြတ်၏ အလိုဆန္ဒ အာသီသ ရှိတော်မူရင်းအတိုင်း သုဓမ္မာ ဆရာတော်တို့ အမိန့်တော်မှာစာ ဆိုက်ရောက်လှာသည်ဖြစ်၍ မိမိတို့ အုပ်ထိန်းစု သွေးသောက်ဘွဲ့ကျေးရွာနေ လူတို့ကို ပစ္စုပ္ပန် သံသရာလောကီ လောကုတ္တရာတရား တိုးပွားပွင့်လင်းခြင်း၏အကြောင်း သူတော်ကောင်းတို့၏ အလေ့အလာ ဂိဟိစာရိတ္တ၊ ဂိဟိဝိနယနှင့်တကွ သရဏာဂမဏာသုတ်သိက္ခာလ္လ သမာဒါနသုတ်ပါဠိအနက် ဂုဏ်တော် သုံးပါး (ကိုးပါး) ပါဠိအနက်များကို ဝါစုဂ္ဂ ရစေ၊ ကျက်စေ၊ ပြန်ဆိုစေ၍ ၁၅ နှစ် ရွယ်မှာ အလုံးစုံသော ယောကျ်ား မိန်းမတို့အား မပြတ်အမြဲ စိတ်ပုတီးလက်စွဲ လက်ကိုင် ပြုစေလျက် တစ်အိမ် တစ်ယောက် နေ့စဉ်မပြတ် ဘုရားကျောင်းကန် စေတီပုထိုး တက်စေ၍ သရဏဂုံ သီလဂရုဓမ္မ ခံယူကျင့်သုံး ဆောက်တည်ကျင့်ကြံအောင် အဦးသီး စီးကြပ် ဆင့်ဆို ဆုံးမကြရမည်။ နေ့စဉ်မပြတ် ဘုရားပုထိုး ရှိခိုးဝတ်တက်ကြရာ၌လည်း မိုးကောင်းခြင်း မိုးရွာခြင်း၏အကြောင်း မိုးရေ ဆုကောင်း တောင်းယူပန်ဆင်ခြင်း သောက်ရေ သုံးဆောင်ရေ ချိုးရေလှူဒါန်းခြင်း၊ နံနက် ဒေ့ာပြုခြင်း၊ သစ်စာပြုခြင်း (မိဋ္ဌာန် ပြုခြင်း သစ္စာပြုခြင်း)၊ အန္တရာယ်မပြုကြောင်း ဘေးကင်းကြောင်း သာသနာတော် ထွန်းလင်း ကြောင်း ဆုတောင်း ဆုယူပြုခြင်း၊ ကေရာဇ် မင်းမြတ်မှစများ သတ္တဝါတို့အား ကုသလ ဘာဂကို ပေးဝေခြင်း စသော ကုသိုလ်တရားများကို လေ့လာအားထုတ်စေရမည်။ ပရိတ်မေတ္တာဘာဝနာနှင့်တကွ မဏ္ဍရာဇဇာတ်၊ ပရိယာ ပိဋကတ် ပါဠိတော်အထွက် ငါးမင်းပရိတ်တော်ကိုလည်း ကျက်စေပြန်ဆိုစေ၍ နေ့စဉ် မပြတ် ရွတ်ဘတ် သရဇ္ဈာယ် စေရမည်။ မိမိတို့ သွေးသောက်ဘွဲ့ ကျေးရွာနေလူတို့ မနေမနား ဆင့်ဆိုဆုံးမရာ မလိုက်မယူ မသူတော်ခုတ် သူယုတ်တို့ အကျင့်အကြံကို ကျင့်ကြံအာခံ ငြင်းအင်သွေ့ဖယ်

> သူတို့ ပေါ်ပေါက်ရှိလျှင်လည်း သွေ့ကြီး သူကြီးတို့ကို ကြီးကြပ်၍ ရွေးကုန်းလယ်တိုက်သို့ ပို့ရောက်အပ်ကာ လာစေရမည်။[၁]

ဤဆင့်စာအရ မင်းကေရာဇ်သည် ပြည်သူတို့ကို ရဟန်းတော်များမှတစ်ဆင့် စည်းရုံးခဲ့သည်။ ရဟန်းတော်တို့ မိုးကောင်းရန် ပရိတ်ရွတ်ခြင်း၊ ဘုရင်မင်းမြတ်ကို ဆုတောင်းမေတ္တာပို့ခြင်းများကို ပြုလုပ်စေရသည်။ ရဟန်းတော်တို့က အကျင့်စာရိတ္တအတွက် သင်ကြားပေးသဖြင့် လူမှုရေး အသင့်အတင့် ကောင်းလာနိုင်ပါသည်။ ယောက်ျား၊ မိန်းမ မခွဲခြားဘဲ ပညာသင်ကြားရေးတွင် ရဟန်းတော်တို့က တာဝန်ယူကြရသည့်သဘော တွေ့ရသဖြင့်လည်း စာပေမတတ်သူ နည်းပါးလာခဲ့မည် ဖြစ်ပါသည်။ ဤကား မင်းတုန်းမင်းက ပြည်သူတို့ကို ရဟန်းတော်များမှ တစ်ဆင့် စည်းရုံးခဲ့ခြင်း ဖြစ်သည်။ ရဟန်းတော်တို့ကို စည်းရုံးရာတွင် မင်းတုန်းမင်း၏ အောင်မြင်မှုမျိုးကို သီပေါမင်း မရရှိခဲ့ပါ။

သီပေါမင်းသည် ကုန်းဘောင်မင်းဆက်၏ နောက်ဆုံး ထီးနန်းစိုးစံခဲ့သူ ဖြစ်သည့်အပြင် ၇ နှစ်သာ အုပ်စိုးနိုင်ခဲ့ပါသည်။ နယ်ချဲ့အရင်းရှင်များက သီပေါမင်းကို နန်းချ၍ အိန္ဒိယရှိ ရတနာဂီရိသို့ ခေါ်ဆောင်သွားခဲ့သည်။ သီပေါမင်းလက်ထက်တွင် ရှေးဘုရင်များကဲ့သို့ သံဃာကို ထောက်ပံ့ခဲ့ပါသည်။ သီပေါမင်းသည် စစ်ကိုင်းတောင်သို့ မင်းခမ်းမင်းနားဖြင့် ကြွလာပြီး ဘုန်းကြီးများ၊ ကိုရင်များ၊ ကျောင်းတိုက်၏ လိုအပ်ချက်များကို လှူဒါန်းခဲ့သည်။[၂] စစ်ကိုင်းသို့ ကြွလာခြင်းမှာ ပထမဆုံးနှင့် နောက်ဆုံးဖြစ်သည်။ မြန်မာ့သမိုင်းတွင် ထီးနန်းစိုးစံစဉ် ကာလတလျှောက်လုံး ဗုဒ္ဓသာသနာကို ကြည့်ရှုစောင့်ရှောက်မှု၊ အားပေးမြှင့်တင်မှုများ ရှိခဲ့သည်။

မင်းတုန်းမင်းနှင့် သီပေါမင်းလက်ထက်တွင် စစ်ကိုင်းတောင်တွင် သံဃာ ၅၀၀ ရှိလာသည်။ ၁၈၇၄ ခုနှစ် စာရင်းအရ တောင်ဘက်ပိုင်းတွင် ၃၂ တွဲ ရှိလာသည်။[၃] စာသင်သံဃာ ၂၅၂ ပါး နှင့် ၄ ပါးမှာ ပျက်ကွက်နေသည်။ မြောက်ပိုင်းတွင် ၆ တွဲ၊ စာသင်ရဟန်း ၄၀ ရှိလာသည်။ စုစုပေါင်း သံဃာ ၃၆၄ ပါး ရှိလာသည်။ ၁၈၇၇ ခုနှစ်တွင် စစ်ကိုင်းတောင်ရှိ သံဃာအရေအတွက် ကျဆင်းလာသည်။ ၁၈၇၇ ခုနှစ်တွင် အသေးစိတ် စာရင်းအရ ၉ တွဲ၊ စာသင်ရဟန်း ၇၂ ပါး၊ ဒုက္ခိတ ၃၅၊ ဖျားနာ ၁၈၊ ဗုဒ္ဓစာပေမတတ်သူ ၁၃ ပါး၊ စုစုပေါင်း ၁၃၈ ပါးသာ ရှိတော့သည်။[၄] မင်းပြောင်းမင်းလွဲ ဖြစ်သောကြောင့်ဟု ဆိုနိုင်သည်။ သီပေါမင်းနန်းရစ

---

[၁] **မုံတိုင်ပင်၊** ပေ၊ ကဲ–ကျော။

[၂] **ကုန်းဘောင်ဆက် (၂၀၀၄)၊** အတွဲ ၃၊ မျက် –၄၀၉

[၃] မြန်မာလိုတွဲ(တစ်တွဲ၊နှစ်တွဲ စသည်)

[၄] ပုရပိုက် ရွှေကိုင်းသား (ဦးသောဘိတ) စာစု

မင်းညီ မင်းသားများစွာကို သတ်ဖြတ်လိုက်သဖြင့် ထိုသူတို့နှင့်ဆိုင်သော ရဟန်းတော်များ ဆက်လက်မနေဝံ့ကြ၍ဟု တွေးစရာဖြစ်သည်။ ယင်းတို့သည် ဘေးလွတ်ကင်းရာ ရွှေ့ပြောင်းသွားကြသောကြောင့်များ ရဟန်းဦးရေ လျော့ကျသွားလေသည်လောဟု တွက်ဆမိပါသည်။

စစ်ကိုင်းချောင်ရှိ ဘုန်းကြီးများ၊ ကျောင်းတိုက်များသို့ ဆန်များလှူဒါန်းသော အထောက်အထား အများအပြားရှိသည်။ ဝါဆိုလမှစ၍ ဆရာတော်များကို လစဉ် စပါးထောက်ပံ့မှုကို ဇယားဖြင့် ဖော်ပြထားသည်။

**ဆန်အလှူ ဝါဆိုလမှ တပေါင်းလထိ (တင်းဖြင့်)**

| ဝါဆိုလမှလှူဒါန်း | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | တပေါင်း |
|---|---|---|---|---|---|---|
| ဘုရင်နန်းတော်မှ စပါးထောက်ပံ့ | ၁၅ | ၈၃.၂ | ၈၃.၂ | ၈၃.၂ | ၅၃.၂ | ၅၃.၃ |
| ဆန် | ၆ | ၃၃.၂ | ၃၃.၂ | ၃၃.၂ | ၂၃.၂ | ၂၃.၂ |

ပုရပိုက် ၅၄၆ ။ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန

ဆန်အထောက်အပံ့ လက်ခံရရှိသော ဆရာတော်များမှာ ဦးဉာဏ (ငှက်တွင်းဆရာတော်) ဦးတေဇဝန် (ငှက်တွင်းဆရာတော်)၊ ဦးနန္ဒ မတွင်းဆရာတော်၊ သင်္ဂဇာဆရာတော် သင်္ဂဇာဆရာတော်၏ နောက်လိုက်တပည့် ဦးဇဝန၊ ဦးစန္ဒိမာ တို့ဖြစ်သည်။

**လစဉ်ဆန်အလှူတော်ခွဲတမ်းရရှိသော ဆရာတော်များ**

| | |
|---|---|
| သင်္ဂဇာဆရာတော် | ၁.၅ တင်း |
| ဦးစန္ဒိမာ | ၇.၂ တင်း |
| ဦးနန္ဒ | ၅ တင်း |
| ဦးတေဇဝန် | ၂ တင်း |
| ဦးနန္ဒာ | ၂ တင်း |

ဘုန်းကြီးများအား ဆန်လှူရာတွင် တူညီမှု မရှိသည်ကို တွေ့ရသည်။ ရသေ့ရဟန်းများနှင့် ဝေးခေါင်သော ဘုန်းကြီးများကို ၂ တင်း ထောက်ပံ့သည်။ တောထဲတွင် ရသေ့ ရဟန်းအဖြစ် နေသော ရဟန်းများကို ဆန်ပိုမိုလှူဒါန်းခဲ့သည်။

မြောက်ဘက်ဒေသဖြစ်သည့် စစ်ကိုင်းနယ်၊ ဒီပဲယင်းနယ်၊ ရွှေဘိုနယ်နှင့် အလုံ လေးမြို့နယ်တို့သည် ကုန်းဘောင်ခေတ်တွင် ထင်ရှားသောရဟန်းတော်များ ထွက်ရှိရာ ဖြစ်ခဲ့သည်။ ဘုန်းတော်ကြီးများသည် အချိန်ကာလ ကြာမြင့်စွာဖြင့် ဗုဒ္ဓသာသနာကို ကြည်ညို သဒ္ဓါပွားများလာအောင် အကောင်းဆုံး သာသနာပြုခြင်း၊ ဘုရင်၏ စောင့်ရှောက်မှု အောက်တွင် ပညာရေးစနစ်ကို အခြေခံ၍ ဗုဒ္ဓဘာသာ တိုးတက်မှုရှိလာခြင်း၊ ပြည်သူအများကလည်း ထောက်ပံ့လာခြင်းတို့ ဖြစ်သည်။ ပစ္စည်း ၄ ပါးအဖြစ် ကျောင်း၊ သင်္ကန်း၊ ဆွမ်း၊ ဆေးကိုလည်း လှူဒါန်းခဲ့သည်။ ထိုဘုန်းတော်ကြီးများသည် ပိဋကတ်စာပေ ကျွမ်းကျင်တတ်မြောက်မှုတွင် ကျော်ကြားခဲ့သည်။ ထိုသို့ ပြန်ဆိုနိုင်သူကို ဘုရင်က လှူဖွယ်ပစ္စည်းနှင့်အတူ ဘာသာရေးဆိုင်ရာ ဘွဲ့ဆက်ကပ်ခဲ့သည်။ မင်းတုန်းမင်း လက်ထက်တွင် ဘုန်းကြီး အကြီးအကဲများကို လှူဒါန်းရာတွင် ခြားနားမှုရှိသည်။ ထိုလှူဖွယ်ပစ္စည်းများမှာ

| | |
|---|---|
| စာစောင် အနတ္တလက္ခဏသုတ် | ၁၀၀ ကော်ပီ |
| သင်တုန်းဓား | ၁၅၅၀ |
| မျက်မှန် | ၂၈၀ |
| ဖယောင်းတိုင် | အထုတ်လိုက် ဖော်ပြမထား |

မြောက်ဘက်ဒေသတွင် ဘုရင်လှူဒါန်းသော သံဃာ ၂၄၇၆ ပါးရှိ၍ ကျောင်းတိုက် ၃၁၁ ကျောင်းတွင် နေထိုင်ကြသည်။[၁] ဤသို့ မင်းက ဆွမ်းဆန်တော်များကို လှူဒါန်းခဲ့သကဲ့သို့ သာသနာပြုဆရာတော်ကလည်း ရဟန်းတို့နှင့်ပတ်သက်သော အမိန့်တော်များကို ထုတ်ပြန်လေ့ ရှိပါသည်။ တစ်ခါက သာသနာပိုင်သည် မြေဒူးမြို့နယ်တွင်းရှိ ရဟန်းတော်တို့ကို ကျွဲနွားသေသားတို့ကို ပံ့သကူသားဟူ၍ မကောက်ခံ မစားသောက်ကြရန် မင်းတုန်းမင်းတရားကြီး လျှောက်ထားသည့်အတိုင်း အမိန့်တော်ထုတ် တားဆီးခဲ့ရဖူးသည်။

> ယခုအခါမှာ သစာသန ဒါယကာမဟာဓမ္မရာဇ်မင်းမြတ်က ကျွဲနွားသေသည်ကို ရဟန်းတော်တို့ အကောက်အရှု အစားအသောက် မရှိစေနှင့် အလျှောက်အထား ရှိသည်။ သာသနာ၌လည်း ဘေးရန်ဖြစ်ရာသည်။ မြေးဒူးနယ်လေးရပ် ရှစ်ရပ်အတွင်း သီတင်းသုံးနေကြသည့် ရဟန်းသာမဏေတို့မှာ ကျွဲနွား သေသည်ကို ပံ့သကူ

[၁] မုံတိုင်ပင်ကျောင်းစာစု

အကောက်အရှု အစားအသောက် မရှိစေနှင့်၊ မြေးဒူး ဂိုဏ်းအုပ် ဂိုဏ်းထောက်တို့က
နိုင်နင်းအောင်ဆင့်[၁]။

ဟူ၍ ဖော်ပြထားသည်။ ထိုအမိန့်တော်က ကျွဲနွားများ သတ်စားခွင့် မရှိသဖြင့် ရောဂါဖြင့် သေသော ကျွဲနွားတို့ကိုလည်း ပြည်သူတို့ စားသောက်ကြခြင်းပင် ဖြစ်ပါသည်။

## ရဟန်းသံဃာများနှင့် လောကီကိစ္စများ

ကုန်းဘောင်ခေတ်တွင် ရဟန်းများသည် သာသနာပိုင်၏ လမ်းညွှန်ဆုံးမမှုအောက်တွင် ရှိခဲ့ပြီး ဘုရင်က ချီးမြှင့်မှုများ ပြုခဲ့သည်။ မင်းသား၏ ဆရာသည် ထိုမင်းသား မင်းဖြစ်လာသောအခါ ယင်း၏ ငယ်ဆရာသည်လည်း သာသနာပိုင် ဖြစ်မြဲကဲ့သို့ တွေ့ရသည်။ သာသနာပိုင်၏ အုပ်ချုပ်မှုအောက်တွင် သာသနာပြု သာသနာပိုင်အဖွဲ့ရှိပြီး ဌာနချုပ်သည် ဘုရင့် ရွှေမြို့တော်တွင် ရှိသည်။ တစ်နိုင်ငံလုံး၏ သာသနာတော်ရေး ကိစ္စရပ်များကို ဆောင်ရွက်ရန် နေပြည်တော်တွင် သုဓမ္မာဇရပ် ဟူ၍ရှိသည်။ ထိုသုဓမ္မာဇရပ်တော်မှ သာသနာပြုဆရာတော်ကြီးများအဖွဲ့က စီမံအုပ်ချုပ်လေသည်။ ထိုအဖွဲ့၏ ကုန်းဘောင်ခေတ်က အကြီးအကဲဖြစ်သော သာသနာပိုင်များတွင် မြောက်ဘက်တိုက်ဒေသ ဇာတိ ဆရာတော်တို့က အများဆုံးဖြစ်သည်ကို တွေ့ရှိရပါသည်။

ထိုခေတ်က အုပ်ချုပ်ရေးပုံစံ ၂ မျိုးရှိပြီး တစ်ခုနှင့် တစ်ခု အပြန်အလှန် မှီခိုနေသည်။ မင်းကရာဇ် အမျူးရှိသော လောကီအုပ်ချုပ်ရေးနှင့် သာသနာပိုင်ဆရာတော် အမျူးပြုသော ရဟန်း အုပ်ချုပ်ရေးတို့ ဖြစ်သည်။ ဘုရင်သည် တစ်နိုင်ငံလုံးကို အုပ်ချုပ်ပြီး သာသနာပိုင်သည် ရဟန်းသံဃာများ အဖွဲ့ကို အုပ်ချုပ်ရသည်။ ဘုရင်နှင့် သာသနာပိုင်သည် တစ်ဦးနှင့် တစ်ဦး တိုက်ရိုက်ဆက်သွယ်နေသည်။ ရဟန်းများသည် ဘုရင်ထံ ပြည်သူတို့၏ နစ်နာချက်များကို တင်ပြရန်၊ သာယာဝပြောရေး ဆောင်ရွက်ရန်တို့အတွက် လိုအပ်သောအခါ မေတ္တာစာ ပေးပို့ခဲ့လေ့ရှိသည်။

ဤတွင် ရဟန်းတော်များ လောကီရေးကိစ္စရပ်များတွင် ပါဝင်လာခဲ့ရသည်တို့ကို ဖော်ပြရန် လိုအပ်လာပါသည်။ ကုန်းဘောင်ခေတ်တစ်လျှောက်လုံး မင်းသည် သာသနာပြု သာသနာပိုင်ကို ခန့်ထားလျက် သာသနာတော်ဝန်ထမ်းတို့၏ ထောက်ခံမှုကို ရယူမြဲဖြစ်သည်။ အထက်တွင် တင်ပြခဲ့သည့်အတိုင်း မင်းက

[၁] **မုံတိုင်ပင်၊** ပေ၊ ၁ ၊ ဒေါက်တာတိုးလှလက်ရေးစာစု

(နေပြည်တော်နှင့် အနီးဝန်းကျင်ရှိ) ရဟန်းတော်တို့၏ ပစ္စည်းလေးပါး ဒါယကာခံလျက် သာသနာတော် ပွံ့ဖြိုးရေးကို ရှက်ဆောင်ပေးခဲ့သည်။ အပြန်အလှန်အားဖြင့် ရဟန်းတော်တို့ကလည်း မင်းကောရာဇ်ကို ထိန်းကျောင်းပေးနိုင်ခဲ့သည်များ ရှိပါသည်။ ညောင်ရမ်းခေတ် သာလွန်မင်းကို သားတော် ပုန်ကန်ခဲ့စဉ်က မင်းကို ရဟန်းတော်တို့က ကာကွယ်ပေးခဲ့ရဖူးသည်။ ကုန်းဘောင်ခေတ်ကို တည်ထောင်ခဲ့သော အလောင်း မင်းတရားကြီးလက်ထက် နိုင်ငံစည်းရုံးရေးတွင် အတုလယသ ဆရာတော်သည် မြင်းရည်တက်ဘွဲ့ဖြင့် စစ်သည်တို့ကို စိတ်ဓာတ်ရေး စေ့ဆော်ပေးခဲ့ဖူးသည်။ ဗဒုံမင်းလက်ထက် မောင်းထောင်သာသနာပြု ဆရာတော်သည် မင်းကောရာဇ် သိလိုသမျှ အုပ်ချုပ်ရေး၊ နိုင်ငံခြား ဆက်ဆံရေးတို့တွင် ပါဝင်လမ်းပြပေးခဲ့ဖူး သည်။ သို့ဖြင့် ရဟန်းတော်များ အုပ်ချုပ်ရေး ပါဝင်လာခဲ့ရသည့် အနေအထားသို့ ရောက်ရှိလာခဲ့သည်။ မင်းတုန်းမင်းလက်ထက်တွင် အလွန်သိသာထင်ရှားလေသည်။

မင်းတုန်းမင်းသည် နန်းရပြီး သုံးနှစ်ကျော်အကြာ ၁၈၅၆ ခုနှစ်တွင် ရဟန်းတော်တို့နှင့်ဆိုင်သော အမိန့်တော်တစ်ရပ်ကို ထုတ်ပြန်ခဲ့သည်။ ထိုအမိန့်တော်၏ ပဓာနအချက်မှာ ရဟန်းတော်တို့၏ လဇ္ဇီမှုနှင့် အလဇ္ဇီမှုတို့ကို ခွဲခြားပြလျက် အလဇ္ဇီရဟန်းတို့ကို မလျှဒါန်း မကိုးကွယ်ကြရန် ထုတ်ပြန်ခြင်း ဖြစ်သည်။[၁]

သဿမေဓအခွန်ငွေ မကောက်ခံခင်က အရာရှိများသည် ပြည်သူလူထုထံမှ အမြတ်များစွာ ရရှိ၍ ဖောက်ပြန်နေကြသည်။ သဿမေဓအခွန် ကောက်ခံပြီးနောက် ဘုရင်သည် ရဟန်းတို့အား ဒေသအရာရှိတို့ အခွန်ကောက်ခံရေးကိစ္စကို ကြီးကြပ်ထိန်းသိမ်းပေးရန် လျှောက်ထားခဲ့သည်။ ထို့ကြောင့် ကျေးလက်အဖွဲ့ အစည်းပေါ်တွင် ဩဇာလွှမ်းမိုးလာသည်။ အခွန်ကောက်ခံရေးကြောင့် အရာရှိများကို ပြည်သူတို့ထံမှ အပို ကောက်ခံခြင်းကို တားမြစ်သည်။ အခွန်ကောက်ခံရေး စနစ်သစ်အရ အရာရှိများသည် တရားစီရင် ဆုံးဖြတ် ချက်အရ တရားကျမ်းတို့ကို အချိုးကျဖြင့် ကောက်ခံခွင့်ရရှိသည်။ အချို့အရာရှိတို့သည် အခွန်တော် မတရား ကောက်ခံတတ်ကြသည်။[၂] ထိုအခါ ဘုန်းကြီးများသည် ကျေးလက်ပြည်သူတို့၏ ရှေ့မှ ဦးဆောင် ကာကွယ် ပေးခဲ့ကြသည်။ ထိုသို့ကာကွယ်ပေးနိုင်အောင် မင်းတုန်းမင်းက အမိန့်တော်ကို ဤသို့ ထုတ်ပြန်ပေးခဲ့သည်။

> ဒီပဲယင်း မြေဒူးနှစ်မြို့ ကျေးရွာများမှာ ၁၂၃၀ ခု သဿမေဓ အခွန်တော်ငွေ ကောက်ခံရန် ရှိသည်ကို အမိန့်တော်မြတ်နှင့် ကောက်ခံစေသည် ဖြစ်သည်။ ပေးအပ်သည့် အမိန့်တော်

[၁] ၁၂၁၇ ခု တပို့တွဲလဆန်း ၁၀ ရက်နေ့ပြန် အမိန့်တော်။ မျိုးကြည့် ပု ၆၁၁
[၂] Toe Hla (1987), p.189

> စာချွန် ဥပဒေမှတ်စာများနှင့် သုဓမ္မာဆရာတော်တို့က ပေးအပ်သည့် ဆင့်ဆိုစာများကို မြို့ရွာရှိ ဂိုဏ်းအုပ် ဂိုဏ်းထောက်တို့ထံ တင်ပြလျှောက်ထားပြီးလျှင် ကျေးရွာသူကြီးတို့ကို မြို့ရုံးကခေါ်၍ . . . ကျေး ရွာနယ်တွင်းရှိ အိမ်ရင်း စုံပွားများကို အကြွင်းအကျန် မရှိ စာရင်းတောင်းယူ[၁]

ရန် ညွှန်ကြားခဲ့သည်။

ကျေးရွာအဖွဲ့အစည်းပေါ်တွင် အရာရှိများနှင့် ဒေသအကြီးအကဲတို့၏ အုပ်ချုပ်ရေး ညံ့ဖျင်းလျှင် ကျေးရွာပြည်သူများကို ထိခိုက်နစ်နာစေခဲ့သည်။ အချို့ အခွန်ပေးဆောင်ရန် ငွေကြေး မရှိ၍ ချေးငှားကြရသည်များ ရှိခဲ့သည်။ ပြည်သူတို့ထံမှ ငွေကြေး မပေးသော လုပ်အားကို တောင်းဆိုခဲ့သည်။ သူတို့၏ နစ်နာချက်များကို ဆရာတော်တို့အား လျှောက်ထားသဖြင့် ထိုသို့သော ကိစ္စများ မဖြစ်ပေါ်ရန် ဆရာတော်တို့က ဘုရင်ထံသို့ မေတ္တာစာများ ဆက်သွင်း၍ တင်ပြခဲ့သည်။

အုပ်ချုပ်ရေး ညံ့ဖျင်းမှုကြောင့် နစ်နာချက်များ ပြည်သူတို့အပေါ်တွင် ဖြစ်ပေါ်လာသောကြောင့် ဆရာတော်ထံ သူတို့၏ နစ်နာချက်များကို တိုင်ကြားခဲ့သည်။ လောကီရေးရာကိစ္စများတွင်လည်း ရဟန်းသံဃာတို့ ပါဝင်လာသည်။ အချို့ ရဟန်းနှင့် မလျော်သည်များလည်း ပါရှိခဲ့သည်။ လင်မယား ပြဿနာတွင် ရဟန်းပါဝင်လာခဲ့ပုံ တစ်ခုကို တင်ပြလိုပါသည်။ ၁၈၇၂ ခုနှစ်က ဝသည်းရွာမှ ဒကာ ငကျောက်ခဲသည် မယားဖြစ်သူနှင့် ကတောက်ကဆဖြစ်ကာ မိဘရွာ ပြန်လာခဲ့သည်။ ထိုကာလအတွင်း ဇနီးဖြစ်သူသည် ဖျားနာသေဆုံးခဲ့သည်။ ထိုအခါ လင်ဖြစ်သူက သင်္ဂြိုဟ်ရန် ပြန်လာခဲ့သောအခါ ကျေးရွာသူကြီးက သင်္ဂြိုဟ်ခွင့်မပေးခဲ့ချေ။ လင်မယားပိုင် မြေယာဥစ္စာများကိုလည်း မသေမီ ရဟန်းတော် ဦးအာစိဏ္ဏသို့ လှူခဲ့ကြောင်း ဆိုလေသည်။ ထိုကိစ္စအတွက် ငကျောက်ခဲက ဤသို့ သာသနာပိုင်သို့ လျှောက်ထားခဲ့သည်။

> သက္ကရာဇ် ၁၂၃၄ ခု နတ်တော်လဆန်း ၁၀ ရက် နေ့ ကျွန်တော်ပိုင် မယား ပိုးစာဥ အဖျားရောဂါနှင့် သေဆုံးပါကြောင်းဘုရား၊ သေဆုံးရှိ၍ ကျွန်တော်က ငွေမျှ၊ တောရှည်တို့နှင့် ရပ်ရွာလူကြီးတို့ကို တိုင်ပင်၍ သင်္ဂြိုဟ်ဝန်ကို ဆောင်ရွက်မည်ရှိရာ ဂိုဏ်းအုပ်ဆရာတော်ညီ သူကြီးချိန်က အထက်ကာလ ကွာရှင်းသံ ကြားဘူးသည် အရိတ်ကို

---

[၁] အမိန့်တော်ပေါင်း ဥပဒေတော်ပေါင်း၊ ပေ၊ မုံတိုင်ပင်စု။ ခိ–ကျော

အမြွက်ပြ၍ လင်ဖြစ်မယား ဖြစ်မြောက်ပါလျက် လင်မယားအဖြစ် မမြောက်လေဟန် ပြောဆိုပြီးလျှင် ကျွန်တော်ကို အတင်းချုပ်ထားပါကြောင်း ဘုရား။

ကျွန်တော်ကို အတင်းအကြပ် ချုပ်ထားပြီးလျှင် ညီသူကြီးချိန်က ကျွန်တော် မယား မိစာဥပိုင် လယ်ယာဥစ္စာ ပစ္စည်းများကို မယားသေလင်စား တရား အလျောက် မဖြစ် စေလိုသမှုပြ၍ မိစာဥကပင် ဂိုဏ်းအုပ်ဆရာတော်ကို လျှုံခဲ့လေဟန် ကောက်ကျစ် လည်ဆယ်ပြ၍ ယခုထက်တိုင် ဂိုဏ်းအုပ်ဆရာတော် ဦးအာစိဏ္ဏက လက်ရှိလုပ်ကိုင် ပေါင်နှံရောင်းစား ပြုလုပ်သည်ကို ခံနေပါကြောင်း ဘုရား။

ကျွန်တော်မယား မိစာဥ အသက်ရှိစဉ် လူကြီးသူကြီး ရှင်ကြီးတို့ရှေ့ ကာယကံ မြောက် ဂိုဏ်းအုပ်ဆရာကို မလှူဒါန်းခဲ့သည် မှန်ပါသည်ကိုလျက် မယားသေလင်စား မဖြစ်စေလို မှုကြံစည်လည်ဆယ်၍ ဂိုဏ်းဆရာတော် အရိပ်နှင့် လှန်ပြီးလျှင် သူကြီးကပင် လိုချင်ရင်း ဖြစ်ပါသည်။ သို့ကိုကျင့်သော်လည်း လောကဓမ္မအကြောင်း အလည်မသင့် သည်နှင့် ဂိုဏ်းအုပ်ဆရာတော်ကို လှူဒါန်းရဖြစ်မှ တော်မည်ကြံစည်၍ သူကြီးအရှိန် ဂိုဏ်းအုပ်အရှိန်နှင့်ဘိ၍ ကျွန်တော်ကို ထိမ်းထောင်ခြေကျင်း အတင်း အဓမ္မ ပြုရတ် နှိပ်၍ ဥစ္စာပစ္စည်းများကို သိမ်းယူပါသည်ဘုရား။[၁]

ယင်းအမှုတွင် တိုင်ကြားလျှောက်ထားသည်ကိုသာ တွေ့ရှိရပြီး အမှုစစ်ဆေးသည်ကို မတွေ့ရှိ ရပေ။ မည်သို့ စစ်ဆေး၍ မည်သို့ ဆုံးဖြတ်သည်ကိုမူ မတွေ့ရချေ။ မည်သို့ပင်ဖြစ်စေ အချို့သော ရဟန်းတော် တို့ ပစ္စည်းဥစ္စာ လယ်ယာ မိုးမြေတို့နှင့် သက်ဆိုင်လာလျှင် လောဘ ဝင်လာတတ်သည်။ သာမန်လူသားကို အပြစ်မမြင်လိုသော်လည်း ရဟန်းအဖြစ်နှင့်မူ ဝိနည်းတော်နှင့် မကိုက်ညီသဖြင့် ဝိနည်း ထိန်းသိမ်းမှုတွင် လျော့ရဲလာနိုင်သည်ဟု ဆိုနိုင်ပေသည်။ ထို့အပြင် ရဟန်းတော်တို့သည် ရပ်ရွာအကြီးအကဲ ခန့်ထားမှုတွင် လည်း အဆုံးအဖြတ် ပေးနိုင်သူမျိုး ဖြစ်လာခြင်းသည် ကောင်းသည် ရှိသကဲ့သို့ မကောင်းသည်များလည်း ကပ်ပါလာနိုင်သည် ဖြစ်ပါသည်။ အောက်ပါ အမိန့်တော်ကို ကြည့်ပါ။

ဒီပဲယင်းမြို့ ဂိုဏ်းအုပ်ဆရာတော် မေတ္တာရပ်ခံချက်အတိုင်း ရွှေအုံကို ဒီပဲယင်းမြို့ စီရင်စု ဟသ်ာမြို့သူကြီးခန့်။

---

[၁] လက်ရေးမူ၊ ရေးသူ ဦးသောင်းစု

၁၂၃၅ ခု၊ တန်ခူးလပြည့်ကျော် ၁၁ ရက်နေ့ နာခံတော် နေမျိုးသခ်ယာ ပြန်အမိန့်တော်။[၁]

အမိန့်တော်ကိုကြည့်လျှင် နယ်ပယ်ဒေသတို့တွင် ဂိုဏ်းအုပ် ဂိုဏ်းထောက် ဆရာတော်တို့သည် အလွန် အရေးပါလာခဲ့ကြောင်း သိသာပေသည်။ ရဟန်းတော်တို့သည် ကောင်းသော လူမှုရေးများကို ရွက်ဆောင်ပေးခဲ့ကြသည်များလည်း ရှိပါသည်။ ၁၈၆၈ ခုနှစ်တွင် ဒီပဲယင်းနှင့် ရွှေဘိုနယ်မှ ရဟန်းများသည် ဘုရင်ထံ မေတ္တာစာ တင်သွင်းလာသည်။ ထိုမေတ္တာစာတွင် ထိုဒေသအတွင်းတွင် ပြည်သူတို့ သာယာဝပြောရေးအတွက် ရေလှောင်ကန်များ၊ တူးမြောင်းများ တည်ဆောက်ခြင်း၊ အသစ်ပြုပြင်တည်ဆောက်ခြင်း၊ အရည်ကြို အလုပ်သမားများကို အခွန်ပေးဆောင်ခြင်းမှ ကင်းလွတ်ရန်ဖြစ်သည်။[၂] ရဟန်းသံဃာများသည် အရာရှိများအပေါ်တွင် ဩဇာလွှမ်းမိုးလာသည်။ လွှတ်တော်ညွှန်ကြားချက် ၁၃ အောက်တိုဘာ ၁၈၆၈ ခုနှစ်အရ လယ်မြေ အငြင်းပွားမှုများ ဖြစ်ပေါ်လာပါက ဆရာတော်ရှေ့တွင် ဖြေရှင်းရသည်။ အငြင်းပွားသူများသည် ဆရာတော် ဆုံးဖြတ်ချက် (သို့) ဖြန်ဖြေချက်ကို လက်ခံကြရသည်။[၃] ထိုဒေသတွင်းတွင် ဘုရင့်ရွှေနန်းတော်အတွက် မီးသွေးသွင်းကြရသည်။ မီးသွေးများကို ဘုရင့်နန်းတော်သို့ တန်ဘိုးလျှော့ ရောင်းကြရသည်။ ထိုကဲ့သို့ နစ်နာချက်များကြောင့် ဘုန်းကြီးများသည် စာများ ရေးသား၍ ဘုရင့်ထံ ပေးပို့ခဲ့သည်။ ထိုမီးသွေးသွင်းအမှုကို ရဟန်းတော်များမှတစ်ဆင့် တင်ပြနိုင်သဖြင့် အရာရှိများ အမြတ်ထုတ်ခြင်းမှ သက်သာရာရခဲ့သည်။[၄] ဘုန်းကြီးများသည် အခွန်ကောက်ခံခြင်းမှ ကင်းလွတ်ရမည့် စာရင်းကိုလည်း ဆောင်ရွက်ပေးသည်။ ၁၈၆၉ ခုနှစ်တွင် ခိုကိုးရာမဲ့ ဒုက္ခိတများသည်လည်း အခွန်ပေးဆောင်ခြင်းမှ ကင်းလွတ်သည်။ ထိုစာရင်းကို အောက်တွင် ဖော်ပြထားသည်။

| | |
|---|---|
| မြေဒူး | ၁၆၃ ဒုက္ခိတ |
| ဒီပဲယင်း | ၃၇၁ ဒုက္ခိတ |
| ရွှေကျင် ၁၃ ရွာ | ၄၅ ဒုက္ခိတ |
| သစ်စေး ၆ ရွာ | ၁၅ ဒုက္ခိတ |
| ဆရာတော်၏မိဘ | ၂၀ ဒုက္ခိတ |

---

[၁] လက်ရေးမူ၊ ရွေဦး ဦးသောင်းစု

[၂] မုံတိုင်ပင်ပေ၊ မျက် ဂိကြော

[၃] မုံတိုင်ပင်ပေ၊ မျက် ဂါကြော

[၄] မုံတိုင်ပင်ပေ၊ မျက် ဂါဝမ်း

ဒေသဆိုင်ရာ ဆရာတော်များ၏ ရှေ့ဆောင် ရှေ့ရွက်ပြုပေးမှုကြောင့် ထိုဒုက္ခိတ ၆၁၄ ဦးသည် အခွန်တော်ပေးဆောင်ခြင်းမှ ကင်းလွတ်သည်။[၁] တူးမောင်းကျေးရွာတွင် အခွန်ကင်းလွတ်သည့် စာရင်းကိုအောက်တွင် ဖော်ပြထားသည်။

**တူးမောင်းရှိ အခွန်လွတ်ငြိမ်းခွင့်ရစာရင်း**[၂]

| ကျေးရွာ | မိသားစုပေါင်း | အခွန်လွတ်အိမ် | အခွန်ခံအိမ် | |
|---|---|---|---|---|
| တူးမောင်း | ၂၄၈ | ၆၄ | ၄၅၄.၅ | ၂.၄၇ |
| အင်ပုထိုး | ၁၀၃ | ၂၇ | ၁၇၅ | ၂.၃ |
| ဘုတ် | ၇၆ | ၅ | ၁၆၁ | ၂.၂၇ |
| နဘဲအိုင် | ၅၁ | ၁၁ | ၁၀၁.၅ | ၂.၅၄ |
| မိုးတောင် | ၂၈ | ၂ | ၃၀ | ၁.၁၅ |
| စုစုပေါင်း | | | | |

ကျေးလက်ဒေသရှိ ဆရာတော်များသည် ဒကာ ဒကာမများအား အန္တရာယ်မှ ကာကွယ်ပေးသည်။ ၁၈၆၆ ခုနှစ်တွင် မြင်ကွန်းနှင့် မြင်းခုံတိုင် ညီအစ်ကိုနှစ်ဦးက ဦးဆောင်၍ တော်လှန်ရေး ဖြစ်ပွားခဲ့သည်။ ထိုအရေးတော်ပုံကို နှိမ်နင်းခဲ့ပြီး ရာပေါင်းများစွာသောသူများ မြန်မာနိုင်ငံ အောက်ပိုင်းသို့ လွတ်မြောက်သွားသည်။ ပန်းတိမ်မင်းသား၏ အရေးတော်ပုံ ဖြစ်ပွားခဲ့သည်။ ပန်းတိမ်မင်းသားသည် အိမ်ရှေ့ကနောင်မင်းသား၏သားဖြစ်သည်။ သူသည် တူတော်စပ်သည့်အပြင် သမက် မြင်ကွန်းမင်းသား လုပ်ကြံမှုကို အိမ်ရှေ့ကနောင်မင်းသားကြီး ခံရသည်။ ပန်းတိမ်မင်းသား၏ အရေးတော်ပုံသည် ရွှေဘိုကို ဗဟိုဌာနအဖြစ် ထားခဲ့သည်။ အကြောင်းမှာ ရွှေဘိုသည် သူ၏အဖေကို ထောက်ခံခဲ့သူများ ဖြစ်ကြသည်။ ထိုအရေးတော်ပုံကို ဘုရင့်တပ်များက နှိမ်နင်းကြသောကြောင့် မြန်မာနိုင်ငံအောက်ပိုင်းသို့ ထွက်ပြေးတိမ်းရှောင်သွားသည်။ ထိုကဲ့သို့ ထွက်ပြေးတိမ်းရှောင်၍ မြန်မာနိုင်ငံ အထက်ပိုင်းတွင် ခိုလုံမှုများကြောင့် မြစ်နှစ်သွယ် ကြားဒေသတွင် ဆူပူသောင်းကျန်းမှုများ ဖြစ်ပေါ်ခဲ့သည်။ အမှုအခင်းများ၊ ကျွန်များ၊ မြို့သူ မြို့သားများလည်း ပါဝင်ခဲ့သည်။ အရာရှိများ၏

[၁] မုံတိုင်ပင်ပေ၊ မျက် ဂ ဝမ်း

[၂] Toe Hla , 1987, p. 191

ဖောက်ပြန်မှုများကြောင့် ထွက်ပြေးတိမ်းရှောင်ခဲ့ကြသည်။ ရာသီဥတု အခြေအနေကြောင့် နေသားတကျ မဖြစ်စေခဲ့ဘဲ လူမှုပတ်ဝန်းကျင်သစ်များသာ ဖြစ်ပေါ်ခဲ့သည်။ မြန်မာနိုင်ငံအောက်ပိုင်းတွင် သဟဇာတ မဖြစ်ခဲ့ချေ။ ထို့ကြောင့် မိမိနိုင်ငံကိုသာ လွမ်းဆွတ်တသမှုများ ဖြစ်ပေါ်ခဲ့သည်။ ထို့ပြင် ဆရာတော်ကြီးမှ တစ်ဆင့် ဘုရင့်ထံသို့ လွတ်ငြိမ်းချမ်းသာခွင့် ပေးရန် အသနားခံစာ တင်သွင်းခဲ့သည်။ မြစ်ရိုးတလျှောက်နှင့် မြစ်နှစ်သွယ်ကြား ဒေသရှိ သံဃာများသည် မေတ္တာစာ ရေးသား၍ ဆရာတော်ကြီးများမှတစ်ဆင့် ဘုရင့်ထံသို့ သူတို့၏ ဆန္ဒများနှင့် သူတို့၏ရပ်ရွာပြန် အခြေအနေများကို ဖော်ပြခဲ့သည်။

ဤတွင် သုဓမ္မာဆရာတော်တို့က ဒီပဲယင်း ဂိုဏ်းအုပ် ဂိုဏ်းထောက်တို့သို့ ဆင့်ဆိုသော စာကို ဖော်ပြပေးလိုက်ပါသည်။

> ဒီပဲယင်းမြို့ ဂိုဏ်းအုပ် ဂိုဏ်းထောက်တို့။. . . နိုင်ငံတော်အတွင်း အရပ်ရပ် မြို့ ကျေးရွာနေ ဆင်းရဲသား ကျွန်တော်မျိုးများမှာ ရယူထိန်ချုန်ကဲ့ဂှက်သည်၊ သူပုန်ဘက်ပါသူ ဖြစ်သည်ဆို၍ အကြီးအကဲတို့က စစ်ကြောတောင်းခံ စားယူကြသောကြောင့် ဆင်းရဲသား ကျွန်တော်မျိုးတို့ မငြိမ်မသက် ရှိကြောင်းများနှင့် ရွှေနားတော်မြတ် ကြားသိတော်မူလျှင် သူပုန်ဘက်ပါသူ၊ ဘဏ္ဍာတော်များကို ရယူထိန်ချုန်သူ ဖြစ်သည်ဆို၍ အကြီးအကဲတို့က အမေးအမြန်း အစစ်အကြော မရှိစေနှင့်။

ဟူ၍ မင်း၏ အမိန့်တော်ကို ကိုးလျက် နယ်ဆရာတော်တို့ကို သိရှိထိန်းသိမ်းနိုင်ရန် ပေးပို့ခဲ့သည်။ အမိန့်တော်က ၁၂၂၉ ခုနှစ် ပြာသိုလပြည့်ကျော် ၁၀ ရက် (၁၈ ဇန်နဝါရီ ၁၈၆၈)နေ့တွင် ထုတ်ပြန်ခဲ့သည်။[၁]

များစွာသော ရဟန်းများသည် လောကီကိစ္စများတွင် ပါဝင်လာသည်။ ထို့ကြောင့် အချို့သော ရဟန်းတော်တို့ ရဟန်းဝိနည်းပိုင်းတွင်လည်း လျော့ရဲလာသည်။ ဤသို့ဖြစ်ရခြင်းမှာ ပြည်သူလူထုအပေါ်တွင် မေတ္တာထားခဲ့သောကြောင့် ဖြစ်သည်။ ဂိုဏ်းအုပ် ဂိုဏ်းထောက် ဆရာတော်များ အကြံပေးသည့်အတိုင်း လုပ်ဆောင်လာကြသည်။ ဥပမာအားဖြင့် ခြိမ်းခြောက်၍ ငွေညှစ်မှုများ ယခင်ကထက် များလာသည်။ မင်းမှုထမ်း အရာရှိများက ဥပဒေကို အကောင်အထည်ဖော် လုပ်ဆောင်ကျင့်သုံးရာတွင် ဆရာတော်များကို ကြီးကြပ်စေခဲ့သည်။ ဆရာတော်များမှတစ်ဆင့် နစ်နာချက်များ တင်ပြရာတွင် ဖောက်ပြန်သော အရာရှိများကို ဆင့်ခေါ်၍ ပြဿနာကို ဖြေရှင်းစေခဲ့သည်။ ဆရာတော်များက ဆိုးဝါးသော အရာရှိများကို ရာထူးမှ ဖယ်ရှားခဲ့

[၁] မုံတိုင်ပင်၊ ပေ၊ ခါ ကျော

သည်။ ဆရာတော်များသည် အစီရင်ခံစာကို သုဓမ္မာဆရာတော်မှတစ်ဆင့် လွှတ်တော်(သို့) ဘုရင့်ထံသို့ တင်ပြခဲ့သည်။ ဆရာတော်ကြီးများ၏ ထောက်ခံချက်ဖြင့် ဆင်းရဲသား ရွာသားများသည် မလွှဲမရှောင်သာသော အခြေအနေများဖြစ်သည့် မိုးခေါင်ခြင်း၊ ပိုးကျခြင်း၊ ရေလွှမ်းမိုးခြင်းတို့ဖြင့် ကြုံတွေ့လာရသောအခါ အခွန်ကင်းလွတ်ခွင့် ရရှိမည်ဟု မျှော်လင့်နိုင်ခဲ့ကြသည်။ အရေးကြီးသော ပြဿနာများ အငြင်းပွားမှု ပေါ်ပေါက်လာသောအခါ ရဟန်းတော်များကသာ ဖျန်ဖြေပေးသည့်အတွက် တရားစရိတ်များ၊ ရုံးအခွန်များ ပေးဆောင်ရန် မလိုတော့ချေ။ ကျေးလက်ဒေသတို့တွင် ပြည်သူတို့အချင်းချင်း ဖြစ်သော တရားမှုခင်းများ၊ အမွေမှုများ ကြွေးမြီမှုများ စသည်တို့ကို ကျေးလက်ရဟန်းတော်များ သို့မဟုတ် ကျေးရွာအကြီးအကဲများက ကျောင်းထိုင်ပုဂ္ဂိုလ်များ ရှေ့တွင် ဖြေရှင်းကြသည်။ သို့ဖြင့် ပြည်သူများ တရားရပိုင်ခွင့်ကို အပြည့်ရရှိနိုင်ကြသော်လည်း ရဟန်းတော်များအနေဖြင့်မူ လေးသောအမှုကိစ္စများ၊ လောကီလူမှုကိစ္စများဖြင့် တဖြည်းဖြည်း ဖိစီးလာခဲ့ရသည်။ ထိုအခါ ဝိနည်းတော်၌ လျော့ရဲလာခဲ့တော့သည်။

၁၈၆၆ ခုနှစ်တွင် မြင်ကွန်းနှင့် မြင်းခုံတိုင် အာဏာသိမ်းမှု ဖြစ်ပွားပြီး အင်္ဂလိပ်အစိုးရ သိမ်းပိုက်ထားသော အောက်မြန်မာနိုင်ငံသို့ ထွက်ပြေး လွတ်မြောက်သွားသူတို့သည် ဆရာတော်၏ ကြားဝင် ဖျန်ဖြေပေးမှုကြောင့် ၁၈၆၈ ခုနှစ်တွင် မင်းတုန်းမင်းက လွတ်ငြိမ်းချမ်းသာခွင့် ပေးလိုက်သည်။ ထို့နောက် ယင်းတို့သည် မိမိဇာတိ မိမိပြန်လာကြသည်။ ပုန်ကန်သူများထံမှ သိမ်းပိုက်ထားသော ပစ္စည်းများကို ပြန်ပေးလိုက်သည်။ ဘုရင်သည် ယခင်က ခံစားရသော အခွင့်အရေးများကို ပြန်ပေးရုံမျှမက ၄ နှစ် ၄ မိုး အခွန်ကင်းလွတ်ခွင့် ပေးခဲ့သည်။ ထိုလေးနှစ်တာကာလအတွင်း ကြွေးရှင်တို့ကို ကြွေးဟောင်းများ ပြန်လည်ရလိုမှုအတွက် တရားစွဲဆိုခြင်းကို ပိတ်ပင်ထားသည်။

အချုပ်အားဖြင့် ကုန်းဘောင်ခေတ် မင်း၊ ရဟန်းနှင့် ပြည်သူ သုံးပွင့်ဆိုင် ဆက်ဆံရေးသည် အကျိုးဖြစ်ထွန်းခဲ့သည်ကို တွေ့ရသည်။ သာသနာ့ဒါယကာဖြစ်သော မင်းသည် ရဟန်းတော်ကြီးများအား ပစ္စည်းလေးပါးဖြင့် ထောက်ပံ့ခဲ့သည်။ အပြန်အလှန်အားဖြင့် ရဟန်းသံဃာတော်တို့ကလည်း တိုင်းပြည် တည်ငြိမ်အေးချမ်းရေး၊ ပြည်သူများ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် မင်းကို အကြံကောင်း ဉာဏ်ကောင်း ပေးခဲ့သည်။ ပြည်သူတို့ကလည်း ကျောင်း၊ သင်္ကန်း၊ ဆွမ်း၊ ဆေးတို့ဖြင့် ထောက်ပံ့လှူဒါန်းခဲ့ကြသည်။ ဤသို့သော ယင်းတို့၏ ကုသိုလ်ကောင်းမှုကြောင့် ပြည်သူတို့အား ငွေကြေး မတရားကောက်ခံခြင်း၊ လုပ်အားမတရား ကောက်ခံခြင်း၊ နှိပ်စက်၍ အခွန်တော် ကောက်ခံခြင်းဘေးတို့မှ ကင်းဝေးအောင် အတော်အသင့် ကာကွယ်ပေးနိုင်သကဲ့သို့

စောင့်ရှောက်မှု ပြုနိုင်ခဲ့သည်။ သို့ဖြင့် ထိုသုံးပွင့်ဆိုင် ဆက်ဆံရေး၏ ကောင်းမွန်ပြေလည်မှုကြောင့် ပြည်သူများ ဘဝ တည်ငြိမ်အေးချမ်းခဲ့သည်။ အထိုက်အလျောက် တိုးတက်မှုလည်း ရရှိခဲ့သည်။

ဗုဒ္ဓသာသနာ စည်ပင်ထွန်းကားရန် အခြေခံအကြောင်း ၃ ရပ် လိုပါသည်။ ၎င်းတို့မှာ ပထမ အနေဖြင့် အုပ်ချုပ်သူမင်း၏ ထောက်ပံ့ ကာကွယ်ပေးမှုရရှိရေး၊ ဒုတိယအနေဖြင့် ပြည်သူလူထု၏ လူနေမှု အဖွဲ့အစည်းအတွင်း လူမှုကျင့်ဝတ်ကို သာသနာမှ ထိန်းကွပ်ပေးနိုင်ရေး၊ တတိယအနေဖြင့် သံဃာဖွဲ့စည်း အုပ်ချုပ်ပုံ ဥပဒေ ပေါ်ပေါက်ရေးတို့ ဖြစ်သည်။ ပဒေသရာဇ်ခေတ်တွင် သံဃာအဖွဲ့အစည်းသည် အုပ်ချုပ်သူမင်းနှင့် ပြည်သူလူထုအကြား ပေါင်းစည်း ဆက်သွယ်ပေးရာ ဖြစ်နေပြီး သာသနာရေးသည် မင်းနှင့် ပြည်သူလူထုအပေါ် ဩဇာလွှမ်းမိုးထားနိုင်ခဲ့သည်။ မြန်မာဗုဒ္ဓသာသနာ အဖွဲ့အစည်းတွင် အုပ်ချုပ်သူမင်း၊ ရဟန်း၊ သံဃာနှင့် ပြည်သူလူထု လိုက်လျောညီထွေစွာ ဆက်နွယ်မှုများ ရှိခဲ့သည်။ နိုင်ငံတစ်ဝှမ်း ပျံ့နှံ့တည်ရှိနေသည့် ဘုန်းကြီး ကျောင်းများမှတစ်ဆင့် ရဟန်းသံဃာတို့သည် မင်းနှင့် ပြည်သူတို့အပေါ် လွှမ်းမိုးလာခဲ့ကြသည်။ ဗုဒ္ဓသာသနာ သည် မင်းအပေါ် လုံးဝတည်မှီပါသည်။ အုပ်ချုပ်သူမင်း၏ ချီးမြှောက်ကာကွယ် ထောက်ပံ့မှု ရလျှင် သာသနာ စည်ပင်ပြီး သာသနာပြုမင်း ကင်းမဲ့လျှင် ဗုဒ္ဓသာသနာ ညှိုးမှိန်မြဲ ဖြစ်ပါသည်။

သို့သော် မင်းက အုပ်ချုပ်မှုကောင်းရန် လိုသကဲ့သို့ ရဟန်းတော်တို့ကလည်း ပရိယတ်နှင့် ပဋိပတ် တို့ဖြင့် လုံခြုံအောင် ထွေးပိုက်ထားရန် လိုပါသည်။ ရဟန်းသည်

သန္တုဿကောစ-ရောင့်ရဲလွယ်ခြင်းဂုဏ်

သုဘရောစ-မွေးမြူလွယ်ခြင်းဂုဏ်

အပ္ပကိစ္စောစ-အမှုကိစ္စနည်းခြင်းဂုဏ်

သလ္လဟုကဝုတ္တိ-ပေါ့သော အသက်မွေးဝမ်းကျောင်းမှု ရှိခြင်းဂုဏ်

သန္တိန္ဒြိယောစ-ငြိမ်သက်သောဣန္ဒြေရှိခြင်းဂုဏ်

နိပကောစ-ရင့်သောပညာရှိခြင်းဂုဏ်

အပ္ပဂဗ္ဘော-ကိုယ်နှုတ်နှလုံး မကြမ်းကြုတ်ခြင်းဂုဏ်

ကုလေသွနနုဂိဒ္ဓေါ-ဒါယကာတို့၌ မကပ်ငြိခြင်းဂုဏ်

တို့ဖြင့် ပြည့်စုံရမည်ဟုလည်း ဆိုသည်။ (မေတ္တာသုတ္တ ၊ ၂)။

သို့သော် ရဟန်းတိုင်း ဤသို့ မပြည့်စုံနိုင်ကြချေ။ မင်းတုန်းမင်းလက်ထက်တွင် ရဟန်းတော်တို့ကို နယ်ပယ်ဒေသ အုပ်ချုပ်သူတို့ကို ဆိုဆုံးမပေးရန် (အာဏာ) အပ်နှင်းသောအခါ အချို့သော ဘုန်းတော်ကြီးတို့သည် အုပ်ချုပ်ရေးရာတွင် ဝင်ရောက်စွက်ဖက်လာခဲ့ကြသည်။ ဩဇာအာဏာကို သုံးစွဲလာခဲ့ကြတော့သည်။ ရာထူးနေရာတို့တွင် ဂိုဏ်းအုပ်၊ ဂိုဏ်းထောက်တို့ သဘောတူသူများ နေရာရရှိလာခဲ့ကြသည်။ ဥပမာ ၁၈၇၃ ခုနှစ်က ဟသ်ာမြို့သူကြီးအရာကို ဒိပဲယင်း ဂိုဏ်းအုပ်ဆရာတော် ထောက်ခံသူကသာ ရရှိခဲ့သည်။[၁] အုပ်ချုပ်ရေးနှင့် လူမှုအဖွဲ့အစည်း ယိုယွင်းလာသောအခါ ရဟန်းတော်တို့သည်လည်း အကျင့်မှ ယုတ်လျော့ကျဆင်းလာတတ်သည်ကို တွေ့ရှိရပါသည်။

သီပေါမင်း နန်းသက်နောက်ပိုင်း ရဟန်းတော်များ ပါသော ဓားပြတိုက်မှုနှင့် ရှင်သဒ္ဓမှုနှင့် ဟံလင်းကြီးမြို့ရွာ သံဃာတော်တို့ ဖြစ်ပွားသော အမှုကိစ္စတွင် စီရင်ချက်ကို တင်ပြလိုပါသည်။ ဓားပြတိုက်မှုတွင် ပါဝင်ခဲ့ကြသော ရဟန်းတော်တို့မှာ ဟံလင်းမှ ဖြစ်၍ နောက်ဖြစ်သည့် အမှုတွင်လည်း ထိုဟံလင်းဘုန်းကြီးများပင် ဖြစ်ပါသည်။ ဓားပြမှု ဖြစ်ပွားရာမှာ မှက်ထိ ဆားတောင်ရွာ ငသော့ကြီးနှင့် မယား မိသယ်တို့အလျှုတွင် ဖြစ်သည်။ ထိုအမှုတွင် အတိုက်ခံရသော သီလစန္ဒနာရာမ တိုက်သစ်ဆရာတော် အရှင်သောဘိတက လွှတ်တော်ဝန်ကြီးများသို့ သွင်းစာ ပေးပို့ခဲ့သည်။ ထိုသွင်းစာကို တင်ပြလိုပါသည်။

## အရှင်သောဘိတဆရာတော်က လွှတ်တော်သွင်းစာ

သီလစန္ဒနာရာမတိုက်သစ် သောဘိတဆရာတော် ကြားအပ်ပါသည် ဝန့်ရှင်တော်မင်းကြီးတို့။

ရတနာသိင်္ဃတောင် လက်မှက်ထိ ဆားတောင်ရွာနေ ဆွေမျိုးတို့က အလှူခံပင့်၍ နေရပ်ဆားတောင်ရွာသို့ သွားရောက် တပေါင်းလပြည့်ကျော် ၃ ရက်နေ့ နံနက်လှူဒါန်းကြသည်အတွင်း ဟံလင်းဂိုဏ်းထောက် ရှင်သုဇာတ တပည့်ရှင်ဇောတတို့ လူ ၂၀၀ ကျော်ခန့် သေနတ် လှံ ဓားစရင်း လွှံ စွဲကိုင်လာရာ ဆရာတော်နှင့် တပည့်များတို့ကို ရိုက်နှက် သွေးထွက်သံယို ခေါင်းကွဲ ထိပ်ပေါက် အရိုးကြေမွ အရပ်ရပ် အဘိုးတန်ပစ္စည်းများကို ဖျက်ဆီးလုယူပြီးနောက် တတိုင်ကွာ မိမိရပ်ရွာသို့ လွှက်ဝန်းဝိုင်း ဆောင်ယူ

[၁] ၁၂၃၅ ခု တန်ခူးလပြည့်ကျော် ၁၁ ရက်နေ့ ပြန်အမိန့်တော်၊ ရေဦး ဦးသောင်းစု

ရှင်ဇောတကကျောင်းအရန်အတွင်း ကျောင်းပျက်ပေါ်တွင် ရိုက်နှက်စစ်မေး ငွေ ၄၀၀ ပေးရမည် တောင်းဆို နံနက်လင်းကာလမှ ပေးပါမည် တောင်းပန်ရှိနေသည့်အတွက် ၄ ရက်နေ့ နံနက် ရုံးကသိ၍ အရာရှိ မြင်းစာရေးတို့လူ ၂၅၀ ခန့် လွှက်အစုံ စွဲကိုင် ဘမ်းဆီး တိုက်ခိုက်လုယူ အသက်ဘေးမှ ချမ်းသာလာရောက် ယခုလည်း ဆရာတော် ပါရှိ ပျောက်ဆုံး ပစ္စည်းများနှင့် တပည့်ကျောင်းသား ရပ်နေ တကာ တကာမတို့ ပစ္စည်းကို ယခု အသေအချာ မပေးနိုင်ပါကြောင်း ကြားလိုက်ပါသည် ဝန်ရှင်တော်မင်းကြီးတို့

**၁၂၄၆ ခု တပေါင်းလပြည့်ကျော် ၇ ရက်(၇ မတ် ၁၈၈၅)နေ့ စာရေးကြီး ဦးဇလာတွင်ပါ။**

ထိုဓားပြတိုက်မှုသည် အလွန်ကြီးကျယ်သော အမှုဖြစ်သည်။ နေ့ခင်းတွင် အလျှုကို လာရောက် တိုက်ခိုက်ခြင်း ဖြစ်သည်။ ဟံလင်းမှ ဂိုဏ်းထောက်ဆရာတော်ကိုယ်တိုင် ပါသည့်သဘော တွေ့ရသည်။ စင်စစ် မူလက ဓားပြမှု ကျူးလွန်ရန် ကြံရွယ်ချက် မပါခဲ့ဟု ထင်ပါသည်။ သံဃာချင်း ဂိုဏ်းပြဿနာမှ လူအများ ပါလာပြီး အလှူတွင် အလွယ်ရ၍ လုယူခဲ့ကြခြင်း ဖြစ်ဟန်ရှိပါသည်။ အတိုက်ခံရသဖြင့် သမိုင်း လေ့လာသူတို့အတွက် ပါသွားသည့် ပစ္စည်းစာရင်း ပေးသူများကိုကြည့်၍ ထိုခေတ် လူမှုဘဝကိုပင် လေ့လာနိုင်ခွင့် ရရှိပါသည်။ ထို့ကြောင့် တိုက်ယူသွားသော ပစ္စည်းစာရင်းများကို တင်ပြလိုက်ပါသည်။

**၁၂၄၆ ခု တပေါင်းလပြည့်ကျော် ၃ ရက်နေ့ ရတနာသိင်္ခတောင် လက်မှက်ထိ**

**ဆားတောင်ကြီးရွာနေ သော့ကြီး မယားမိသယ်တို့ အလှူတွင် ကူညီလုပ်ဆောင် နေကြရာ ထားပြလူ ၁၀၀ ကျော် ၂၀၀ ခန့် ရှောင်တခင်လာရော် သွေ့တ်ပစ်ခတ် ဝန်းဝိုင်းရိုက်နှက်တိုက်ခိုက်လုယူရာပါပစ္စည်းစာရင်း**

| ပစ္စည်း | ရေ | အထည် | ငွေ | ရွှေစိန် |
|---|---|---|---|---|
| ရွှေကျင်ခတ်ကုလားကာ | ၂ | | | |
| ငါးဆင့်တပ်မှန်ပြောင်း | ၁ | | | |
| မှန်ပေါင်းချောင် | ၄ | | | |
| တပင်တိုင် တိုင်ကပ်စက်မှန်အိမ် | ၁ | | | |
| ကွမ်းအစ် | ၁ | | | |

| ပစ္စည်း | ရေ | အထည် | ငွေ | ရွှေစိန် |
|---|---|---|---|---|
| ကျော်တင်ထိုးဘူး | ၁ | | | |
| ပတ်တူကုလားကာ | ၁ | | | |
| ယွန်းအုပ်ရုံစုံ | ၁ | | | |
| ရွှေရေးဇလုံ | ၈ | | | |
| ဖန်ပန်းကန် | ၁ | | | |
| ၂ ခန်းပေါက်ကော်ဇော | ၁ | | | |
| ဆင်တင်ကော်ဇော | ၁ | | | |
| အိပ်ဖန်သင်ဖျူးချော | ၁ | | | |
| ကတ္တီပါကျင်ခတ်ပန်းကြွနေရာပါ | ၁ | | | |
| ဖန်တပင်တိုင်လသာမှန်အိမ် | ၁ | | | |
| ဘိနပ် | ၁ | | | |
| ဘီးလပ်ကြေးထွေးခံခေါင်း | ၁ | | | |
| သက္ကလတ်သက်နံး | ၁ | | | |
| စိတ်ပုတီး | ၁ | | | |
| ဇဝါရိုက်ကွမ်းညှပ် | ၁ | | | |
| ပေါင်း | | | | |
| မှန်ကျောင်းဆရာတော်ညီ ဇေံကျူးတွင်ပါပစ္စည်းစာရင်း | | | | |
| ပိုးပုဆိုး | ၁ | | | |
| ပုဝါ | ၁ | | | |
| ရွှေဇီးဖြူစေ့ကုံးရေ | ၂ | | ၃ | |
| ငွေဒင်္ဂါးပြား | | ၁၄ | | |
| မိုးကြိုးနားတောင်း | ၁ | ၁ | | |
| ငွေခြေကျင်း ရုံစုံ | ၃ | ၉ | | |
| ပေါင်း | | ၂၃ | ၄ | |

| **ပစ္စည်း** | **ရေ** | **အထည်** | **ငွေ** | **ရွှေစိန်** |
|---|---|---|---|---|
| ငရွှေရင်တွင်ပါ | | | | |
| ရွှေနားတောင်းရုံစုံ | ၁ | | ၂ိ | |
| ရွှေဇီးဖြူစေ့ကုံးရေ | ၂ | | ၃ိ | |
| ပေါင်း | | | ၅ | |
| ဆရာတော်ညီ ဘိုးမျှင်တွင်ပါပစ္စည်း | | | | |
| ငွေဒင်္ဂါး | | | ၄၀၃ိ | |
| သားမွေးအင်္ကျီ | | ၁ | | |
| ရွှေစိန်ရောင်းထိုးနားတောင်း | | ၂ | | ၅၂ပဲ |
| ရွှေနော်ဇာကိုး | | ၃ | | ၇ ၃ပဲ |
| စပ်ပုဆိုး | | ၁ | | |
| ပိုးသားပုဆိုးသစ် | | ၁ | | |
| ချည်စက်ပုဆိုး | | ၂ | | |
| ပန်းရောင်သက္ကလတ် | | ၁ | | |
| ပေါင်း | | | ၄၀၃ိ | ၁၂ မူ |
| အလျှရှင်သောကြီး မိသယ်တို့တွင်ပါစာရင်း | | | | |
| ငွေဒင်္ဂါး | | | | ၁၀၅ |
| ငွေခတ်ခြေချင်းရုံစုံ | | | | ၁၅ |
| ရွှေလက်ကောက်ချိန် | | | | ၅ |
| ရွှေဆူးပန်းစေ့ကုံးရေ | | | ၃ | ၈ |
| နောက်ဝန်းကျင်သေဒွှံကြီးလူကလေးတွင်ပါစာရင်း | | | | |
| ရွှေဓား | | ၁ | | |
| ရွှေတွန်ခံနားတောင်းရုံစုံ | | ၁ | | ၃ိ၇ငုံ |
| လယ်ရွေးရန်ငွေ | | | ၂၀၀ | |

| **ပစ္စည်း** | **ရေ** | **အထည်** | **ငွေ** | **ရွှေစိန်** |
|---|---|---|---|---|
| သားမွေးအကျီ | | ၁ | | |
| ဆင်တင်ကော်ဇော | | ၁ | | |
| စပ်ပုဆိုး | | ၁ | | |
| ပိုးသားပုဆိုး | | ၂ | | |
| ပေါင်း | | | ၂၀၀ | ၃ိ၇ျငံ့ |
| ငစံမှိတွင်ပါပစ္စည်း | | | | |
| ကုန်ဘိုးငွေ | | | ၂၄၅ | |
| ရွှေဆူးပန်းစေ့ကုန်းရေ | ၄ | | | ၈ိ၂ျဲ |
| ဘဲပုဆို | | ၁ | | |
| မိုးကြိုးနားတောင်း | | ၁ | | ၃ိ၅ျဲ |
| ပိတ်အကျီသစ် | | ၁ | | |
| ရွှေလက်ကောက်ရုံစုံ | | ၁ | | ၅ိ၆ျဲ |
| ပေါင်း | | | | |

ပါသူများတင် ပေးကြသည့် စာရင်းတွင် ရွှေ၊ ငွေ၊ အဝတ်အထည်တို့ကား များပေသည်။ ယခု စာရင်းတွင် ၂၆ ယောက်တို့၏ ပါသွားသော ရွှေ၊ ငွေ၊ ပုဆိုးတို့ကို ရှည်မည်စိုး၍ ချန်ထားခဲ့ပါသည်။ အလျူ မဏ္ဍပ်အတွင်း အားလုံးကို လုယူတိုက်သွားသည်ဖြစ်၍ ပျောက်ဆုံး/ပါသွားစာရင်း တင်ပြသူတို့ကလည်း များပါသည်။ ယခုစာရင်းကို အသေးစိတ်ဖော်ပြပေးသည်မှာ ထိုခေတ် ကျေးလက်က ချမ်းသာသူတို့ မည်သို့ ဝတ်ဆင်ကြ သည်ကို သိမြင်စေလိုသောကြောင့်ဖြစ်သည်။ အားလုံးကို မဖော်ပြတော့ဘဲ အဦးအစ တွေ့ရှိရသူနှင့် အလျူရှင် တို့ပါ စာရင်းလောက်ကိုသာ ဖော်ပြပေးလိုက်ခြင်း ဖြစ်ပါသည်။

ဆားတောင်ရွာ အရှင်သဒ္ဓမ္မဆရာတော်သည် မင်းတုန်းမင်းတရားကြီးနှင့် နန်းမတော် မိဖုရာကြီး တို့၏ သမီးတော် ထိပ်စုမြတ်ဘုရားကြီး ကိုးကွယ်သော ဆရာတော်ဖြစ်သည်။ သို့သော် ထိုဆရာတော်သည်

(၁) ရဟန်းတို့ အလေ့အကျင့် မဟုတ်သော ရုပ်စုံ ပွဲသဘင်များကို အထူးခေါ်ငင် သွားလာကြည့်ရှု သည်။

(၂) ငြိမ်းပြီးသည် ရာဇဝတ်မှုများကိုလည်း ခေါင်ချတောင်း၊ ချည်နှောင်ထောင်းထု၊ မြို့ရှုံးသို့ ပို့အပ်သည်။

တို့ကို ပြုလုပ်သဖြင့် ရဟန်းနှင့် မလျော်သဖြင့် တပည့်ဖြစ်သူ ဟံလင်းမှ ရှင်ဇောတက သွားရောက် လျှောက်ထားသည်ကို ဝေါက်ငန်း ကြိမ်းမောင်းလွှတ်ခဲ့သည်။ ထို့ကြောင့် တပည့်ဖြစ်သူက ဟံလင်းသို့ ပြန်လာကာ တုံးမောင်းခေါက် လူစုပြီး လူ ၁၀၀ ကျော်ဖြင့် ဆားတောင်သို့ ပြန်လာခဲ့သည်။

ဆားတောင်ရွာမသို့ရောက်သော် အရှင်သဒ္ဓမ္မဆရာတော်၏ ကင်းသားတို့ကို တွေ့ရှိ၊ ရိုက်နှက်သေနတ်များကို လုယူပြီး ဆရာတော်နေရာဇရပ်သို့ ရောက်လာကာ အသာအယာ လျှောက်ထားပါသော်လည်း မရသဖြင့် ရိုက်နှက်ဖမ်းဆီး၍ ဟံလင်းသို့ ခေါ်ဆောင်လာခဲ့ကြောင်း ဟံလင်းသို့ ရောက်သောအခါလည်း ထပ်မံရိုက်နှက်သေးကြောင်း ထွက်ဆိုသည်။ ထိုအမှုအတွက် သာသနာပိုင်ဆရာတော်ဘုရားကြီး၏ အမိန့်တော်မှာ ဤသို့ဖြစ်သည်။

မင်းသားအဖြစ်မှစ၍ ထမ်း၍ဂုက်၊ ဘုန်းကံအလျောက် အသျှင်အထွတ် အမြတ်သို့ ရောက်သည်ကာလ မင်္ဂလာအိမ်တော်ပါ ကျေး ကျွန် မှန်သူတို့ကို တစ်စုံတစ်ယောက်သောသူတို့က မခန့်မညား အနာဒဏ်ရဖြစ်အောင် ပြုလုပ်ခဲ့လျှင် အသျှင်ဖြစ်သူ မင်းကေရာဇ်သည် မခန့်မညား အနာဒဏ်ရပြုသူတို့ကို အနာဒဏ်ရခံနေရသည် မင်္ဂလာအိမ်တော်ပါ ကျေးကျွန်အား အသက် စည်းစိမ်နှင့်တကွ ပေးအပ်ဘိသကဲ့သို့ ရှင်သဒ္ဓမ္မလည်း မင်္ဂလာအိမ်တော်ပါ လူတို့အလား အထွတ်အမြတ် မရောက်မီကစ၍ ဆည်းကပ်နေထိုင်သူ တံဆိပ်တော်ရ ဆရာတော်ဖြစ်သည်ကို ဟံလင်းမြို့နေ သင်္ဃာတို့နှင့် မြို့နေ လူတို့ မခန့်မညား ရိုက်ပုတ် ထိုးကြိတ် ပြုသည်များကို ခံနေရသည်ဖြစ်၍ ဟံလင်းကြီးမြို့နေ သင်္ဃာတို့နှင့်တကွ ဟံလင်းကြီး မြို့နေလူတို့ကို ရှင်သဒ္ဓမ္မ သို့အပ်။

၁၂၄၆ ခု တန်ခူးလဆန်း ၁ ရက် (၁၆ မတ် ၁၈၈၅)နေ့ သာသနာပိုင် ဆရာတော်ဘုရားကြီးအမိန့်တော်။

ထိုအမှုသည် နှစ်ဘက်လုံးတွင် ခိုင်လုံသော အထောက်အထားများ ရှိနေသောကြောင့် သာသနာပိုင် အမျူးပြုသော အဖွဲ့က ဤသို့ စာဆုံးဖြတ်ပေးခဲ့သည်။ ‘‘ဟံလင်းတကာတို့က ဆရာတော်ကို ကန်တော့ကြစေ၊

ဆရာတော်ကလည်း ရှေးကကဲ့သို့ ပြန်လည်ဆက်ဆံကြစေ" ဟု ဆုံးဖြတ်ခဲ့သည်။ ဆုံးဖြတ်ရက်စွဲမှာ ၁၂၄၇ ခု ကဆုန်လဆန်း ၈ ရက်(၂၁ ဧပြီ ၁၈၈၅)နေ့ ဖြစ်သည်။ ဆုံးဖြတ်ခဲ့ကြသည့် ဆရာတော်များမှာ

မေဃဝတီဆရာတော်၊

ဆရာတော်ဦးစန္ဒလင်္ကာ၊

မဏ္ဍရာဆရာတော်၊

ပုခန်းဆရာတော်၊

လှထွေဆရာတော်၊

နန်းဦးမင်္ဂလာဆရာတော်၊ တို့နှင့်

သာသနာပိုင်ဆရာတော် ဆုံးဖြတ်ချက်။ ဤတွင် ဝိနည်းမိုရ်အဖွဲ့က အရှင်သဒ္ဓမ္မ ဆရာတော် မလိမ္မာ၍ ဖြစ်ရသည်ဟု ဆရာတော်များက သုံးသပ်ပါသည်။ မည်သို့ပင်ဖြစ်စေ နိုင်ငံတော်အရေးသည် ရှုပ်ထွေးလျက် ရှိနေပြီဖြစ်သည်။ ဗဟို၌ နယ်ချဲ့စနစ်ကြောင့် နန်းတွင်းတွင် ဂိုဏ်းများကွဲလျက် ရှိနေသည်။ နယ်ချဲ့ရန်ကလည်း မြင်သာ ထင်သာ ခြိမ်းခြောက်လျက်ရှိနေသော အချိန်ဖြစ်သည်။ ထိုအဖြစ် အပျက်သည် သာသနာတော် အရေးဘက်မှကြည့်လျှင်သော်လည်းကောင်း၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေး ရှုထောင့်က ကြည့်လျှင်သော်လည်းကောင်း အလွန်ထိတ်လန့်စရာ ကောင်းသော အမှုကြီးဖြစ်ပါသည်။ သို့သော် သီပေါမင်းကို နယ်ချဲ့တို့က ဖမ်းဆီးရာပါသွားခဲ့ရသည်အထိ ထိုပြဿနာကို မဖြေရှင်းနိုင်ခဲ့ချေ။ ဤသည်မှာ မင်းတုန်းမင်းလက်ထက်က ရဟန်းတော်တို့ကို ပိုမိုသြဇာအာဏာရှိအောင် လုပ်ခဲ့သောကြောင့်ဟု ဆိုနိုင်ပါသည်။ ဗုဒ္ဓဟောကြားသော ပိဋကတ်တော်တို့ကို လေ့လာခြင်း၊ တရားဘာဝနာ၌ အားထုတ်ကျင့်ကြံနေခြင်း၊ ဒကာ ဒကာမတို့ကို ဆုံးမသွန်သင်ပြသခြင်းတို့ဖြင့် ပျော်မွေ့နေရမည့် ရဟန်းတော်တို့သည် မင်းအတွက် အခွန်တော်ကိစ္စ၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးကိစ္စနှင့် အခြားလူမှုရေးကိစ္စတို့ဖြင့်သာ အချိန်ကို ကုန်လွန်နေကြရသည် ဖြစ်သောကြောင့် ဝိနည်းတော်နှင့်အညီ နေထိုင်ရန် လျော့ကျလာခဲ့ရတော့သည်။

ထို့ကြောင့် မင်းတုန်းမင်းလက်ထက်က သာသနာတော် ထွန်းတောက်ခဲ့ခြင်းသည် မင်းကြီး၏ အလှူ ဒါနပစ္စည်း လာဘ်လာဘတို့ဖြင့် ရဟန်းတော်တို့အား ဖြားယောင်းနိုင်ခဲ့သောကြောင့် ဖြစ်သည်ဟု

[1] မန်းတက္ကသိုလ်စာကြည့်တိုက်၊ ပု ၅၈

ဆိုချင်ပါသည်။ ဤသည်မှာလည်း သာသနာတော်အကျိုးထက် ယင်း၏ထီးနန်းစည်းစိမ် တည်မြဲရေးအတွက် ဖြစ်နိုင်ဖို့က ပိုများပါသည်။ ရဟန်းတော်တို့ မင်းအပေါ် ထောက်ခံလာစေရန် ရဟန်းတော်တို့အား လူတို့ အုပ်ချုပ်ရေးပုံစံကဲ့သို့ ချမှတ်ကာ အရာရှိအုပ်ချုပ်ရေးကို ကြီးကြပ်ပေးစေခြင်းဖြင့် လောကီလူမှုကိစ္စရပ်များ၌ ရဟန်းတော်တို့ မပါ မဖြစ် ပါဝင်လာရသည်မှ အာဏာတန်ခိုး လာဘ်လာဘတို့၏ ဖိစီးမှုကို အချို့သော ရဟန်းတော်တို့ ဒဏ်မခံနိုင်ဖြစ်လာခဲ့ရသည်။ ဤတွင် အချို့သော ရဟန်းတော်တို့ ထိုအာဏာ တန်ခိုးအပေါ်တွင် သာယာမိလာခဲ့ကြသည်ဟု ထင်ပါသည်။ နောက်ပိုင်း အရာရှိတို့ အကျင့်ပျက်လာခဲ့သည်နှင့်အတူ ထိုအရာရှိတို့ကို ကြီးကြပ်ရသော ရဟန်းတော်တို့လည်း လောကီမှုများနှင့် ပိုမို ရောထွေးယှက်တင် ဖြစ်လာခဲ့ရတော့သည်။ ဆားတောင်တွင် ဖြစ်ပွားခဲ့သော အမှုကြီးကဲ့သို့သော ရမ်းကားတိုက်ခိုက်မှုတွင် ရဟန်းက ဦးဆောင်သူ ဖြစ်လာခဲ့ရသည်။ အနာမာသ အကပ္ပိယဖြစ်သော ရွှေငွေတို့ကို သာမန်ဆည်းပူးရုံမျှမက ငွေချေးလုပ်ငန်းကို လုပ်ကိုင်ခြင်း၊ လယ်ယာ ရွှေ၊ ငွေ၊ ကျေးကျွန်တို့ကို အပေါင်ခံခြင်း၊ ကိုယ်တိုင်လည်း ဒကာတို့ထံမှ အတိုးဖြင့် ချေးယူခြင်းတို့ကို လုပ်ကိုင်လာရသောကြောင့် တရားတော် ကျင့်ကြံမှုမှလည်းကောင်း၊ ဝိနည်းတော်ကို လေးစားလိုက်နာမှုမှလည်းကောင်း သွေဖည်လျော့ကျလာခဲ့ရသည်။ ရဟန်းအချင်းချင်းတွင်လည်း ကျောင်းလုခြင်း၊ ကျောင်းပစ္စည်း ဝတ္ထုကံမြေ စသည် လုခြင်းတို့ ဖြစ်ပွားလာခဲ့သည်။ သို့ဖြင့် နိုင်ငံတော်ကြီး အင်္ဂလိပ်နယ်ချဲ့ အန္တရာယ်နှင့် ရင်ဆိုင် ထိပ်တိုက်တိုးလာရသောအချိန်တွင် နိုင်ငံ၏ အင်အား ဖြစ်မလာတော့ဘဲ ရန်သူကို ဓားရိုးကမ်းပေးဘိသကဲ့သို့ပင် ဖြစ်သွားခဲ့ရတော့သည်။

## ကျမ်းကိုးစာရင်း

**ကျောက်တော်ကြီးဘုရား ကျောက်စာ**

''စည်သူမင်းကျောက်စာ''၊ သန်းထွန်း၊( မြန်မာသမိုင်းအဖွဲ့ဝင်) တည်း၊ **နှောင်းတွေ့ကျောက်စာများ၊** ရန်ကုန်၊ တက္ကသိုလ်များပုံနှိပ်တိုက်၊ ၂၀၀၅

တိုးလှ၊ ဒေါက်တာ၊ ကုန်းဘောင်ခေတ်ကျေးလက်လူမှုစီးပွားဘဝ (၁၇၅၂–၁၈၈၅)၊ ရန်ကုန်၊ တက္ကသိုလ်များ ပုံနှိပ်တိုက်၊ ၂၀၀၄

၁၂၃၅ ခု တန်ခူးလပြည့်ကျော် ၁၁ ရက်နေ့ ပြန်အမိန့်တော်၊ ရေဦး၊ ဦးသောင်းစု၊ မန်းတက္ကသိုလ်စာကြည့်တိုက်၊ ပုရပိုက် ၅၈

ပုရပိုက်မူ၊ သူကောင်း ၄၀၊ စလင်းမြို့ သူကောင်း ဦးမောင်မောင်ကြီး၊ ဒေါ်လုံးစု

မောင်မောင်တင်၊ ဦး၊ **ကုန်းဘောင်ဆက်မဟာရာဇဝင်တော်ကြီး၊** အတွဲ ၃၊ ရန်ကုန်၊ ရာပြည့်စာအုပ်တိုက်၊ ၂၀၀၄

**အမိန့်တော်ပေါင်း ဥပဒေတော်ပေါင်း၊** မှံတိုင်ပင် ပေ (ဒေါက်တာတိုးလှလက်ရေးစာစု)

Taw Sein Ko, Mr, "Ancient Relics found at Shwebo", *Archaeological survey of India Annual Report,1903-04*, India: Calcutta office of the Superintendent of Government Printing, 1906

Than Tun, *Royal Orders of Burma* (Myanmar), in 10 vols., Kyoto, Centre for Southeast Asian Studies, Kyoto University Press,1983-1990